မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၁၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၂၁)

ဗိုလ်တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံနှင့်ပြည်သူ ကြွယ်ဝချမ်းသာရေးအတွက် စက်မှုနိုင်ငံထူထောင်နိုင်ရေးကြိုးပမ်း
ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ကာ စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများထူထောင်
ပြည်တွင်း၌ထွက်ရှိသည့် ကုန်ကြမ်းများကို တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်တင်ပို့နိုင်ရေးဆောင်ရွက်

နေပြည်တော် မေ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတရုံး၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အကြံပြုတင်ပြ

အစည်းအဝေးအစီအစဉ်အရ အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရသည် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူတို့ဆန္ဒ၊ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဦးစားပေး ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူအများစု၏ တူညီသောဆန္ဒဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းစေရန်အတွက် နိုင်ငံရေးတည်ငြိမ်မှုရရှိရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် မူဝါဒများချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်လျက်ရှိကြောင်း။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အနာဂတ်စားနပ်ရိက္ခာဖူလုံမှုအတွက် ယခုကတည်းက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံနှင့်ပြည်သူ ကြွယ်ဝချမ်းသာရေးအတွက်လည်း စက်မှုနိုင်ငံထူထောင်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြရသည့် မြန်မာအလုပ်သမားများ များစွာရှိနေကြောင်း၊ ဤသည်မှာ မိမိနိုင်ငံအတွက် လုပ်အားများ ဆုံးရှုံးနေခြင်းဖြစ်၍ ၎င်းမြန်မာအလုပ်သမားများကိုယ့်တိုင်းပြည်ပြန်လာပြီး အလုပ်လုပ်နိုင်အောင်၊ *စာမျက်နှာ ၂ ကော်လံ ၂* ❐

နိဂုံးချုပ် အမှာစကားပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင် တင်ပြစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တင်ပြစဉ်။ (သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်

တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသဥက္ကဋ္ဌများအနေဖြင့်လည်း အားသွန်ခွန်စိုက် ပါဝင် ကူညီလုပ်ဆောင်ပေးကြရန်လိုအပ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုများ လုံးဝရပ်စဲပြီး ထာဝရတည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးဆွေးနွေးနေကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း ဥပဒေနှင့်အညီ တတ်နိုင်သမျှ အားပေးကူညီပေး ကြစေလိုကြောင်း၊ စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ် ကြိုးပမ်းတည်ဆောက်နေသည့် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်စေတနာကို နားလည်သဘောပေါက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှူစံကြူး တင်ပြစဉ်။ (သတင်းစဉ်)

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်(ခ)ဦးထွန်းကျော် တင်ပြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ် ကဆုန်လပြည့်ကျော် ၈ရက် (ဥပုသ်နေ့)
၁၃-၅-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၃၅ ၅။ International News

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၀၅ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၁၅ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာစွမ်းအား**(အပိုင်း-၄)
- ၁၂း၁၅ ၄။ **ဖန်တီးမှုရဲ့လျှို့ဝှက်ချက်**
- ၁၂း၄၀ ၅။ မြန်မာရုပ်ရှင် **ချစ်သူရွေးမယ်ချစ်ဝဲလယ်** ဝင်းဦး၊ ချိုပြုံး၊ စမ်းစမ်းအေး၊ စန္ဒာ၊ တင်တင်နွဲ့၊ နွဲ့နွဲ့မူ၊ မြင့်မြင့်ခင်၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ-ဝင်းဦး)

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (မြန်မာစာအထူးပြု)(မြန်မာစာ)
- ၆း၀၀ ၄။ ညနေခင်းသတင်း
- ၆း၂၀ ၅။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၃၉)
- ၆း၄၀ ၆။ တစ်မျက်နှာ၊ တစ်ကွက်စာ **ယုံလား** ဆောင်းယွန်းစံ၊ ဗိုသီရိခေတ် [ဒါရိုက်တာ- မေတင် (MMG)]
- ၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို** (အပိုင်း-၃၆)
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောကမ္ဘာ** (ကြီးချီဒိုင်နိုဆောမင်း)
- ၁၂။ ရင်ခုန်လက်ကမ်း တေးသစ်လမ်း

❒ ရှေ့ဖုံးမှ

အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာအောင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ကာ စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများ ထူထောင်ကြရမည် ဖြစ်ကြောင်း၊ ပြည်တွင်း၌ထွက်ရှိသည့် ကုန်ကြမ်းများကို တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်တင်ပို့ရောင်းချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဒုတိယဝန်ကြီး ဦးကျော်လွင်အား ကိုရီးယားကုမ္ပဏီတွေ့

နေပြည်တော် မေ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်အား ကိုရီးယားသမ္မတနိုင်ငံ AS Program Co.,Ltd မှ Director Mr.JUNG HYUN SEOK ဦးဆောင်သောအဖွဲ့သည် မေ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ အဆင့်မြင့်အိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံလိုသည့် ကိစ္စများကိုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရင်ပြည်နယ်ဝန်ကြီးချုပ် သင်တန်းဖွင့်ပွဲများတက်ရောက်

နေပြည်တော် မေ ၁၂

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် မေ ၇ ရက်တွင် ဘားအံမြို့နယ် တဝန်ဖန်ရ စံပြကျေးရွာအနီး၌ မိုးစပါးစိုက်ပျိုးရေး စုပေါင်းထွန်ယက်နေမှုနှင့် သဘာဝမြေဩဇာ ကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ဇနီးဒေါ်ညွန့်ညွန့်ဝေ၊ ပြည်နယ်ဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များသည် လှိုင်းဘွဲမြို့နယ် ရွှေဂွန်းကျေးရွာသို့သွားရောက်၍ (၁၀၁)နှစ်ရှိ အဖွားဒေါ်အေးကြူအား ကန်တော့ပစ္စည်းများ၊ အလှူငွေများဖြင့် ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် မြိုင်ကြီးငူ-မဲသဝေါ လမ်းပိုင်းကတ္တရာခင်းပြီးစီးမှုနှင့် မြိုင်ကြီးငူဒေသအတွင်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည့် ကြံစိုက်ခင်းများကို ကြည့်ရှု၍ မြိုင်ကြီးငူဒေသ သစ္စာလင်းမြိုင်စစ်မှုထမ်းဟောင်းအိမ်ရာ၌ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသူများအား ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြိုင်ကြီးငူတိုက်နယ်ဆေးရုံသို့သွားရောက်ပြီး ဆိုလာအသုံးပြုကာ ဆေးရုံအတွင်း ၂၄ နာရီ လျှပ်စစ်မီးရရှိမှု၊ လူနာများအပန်းဖြေနိုင်ရေး ရုပ်မြင်သံကြားပြသထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လူနာများနှင့် ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ မြိုင်ကြီးငူအခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး မြိုင်ကြီးငူဒေသအတွင်း စိုက်ပျိုးရန် နှစ်ရှည်ရော်ဘာ မျိုးကောင်းမျိုးသန့်ပျိုးပင် ၈၀၀၀၀ ပျိုးထောင်ထားမှုကို ကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် ဘားအံမြို့၊ မြဝတီမြို့သင်တန်းကျောင်းများ၌ကျင်းပခဲ့သည့် အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှုသင်တန်းဖွင့်ပွဲများသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၀ ရက်က အဆိုပါအဆောက်အအုံခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ထံသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်လှိုင်နှင့် ရုံးဆောက်လုပ်ရေးကော်မတီနာယက ဦးကျော်ဆွေတို့က ရုံးသစ် လွှဲပြောင်းပေးအပ်ခြင်း မှတ်တမ်းလွှာကို ပေးအပ်စဉ်။ (၄၀၆)

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၁၂

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးဌာန(DITP)မှကြီးမှူး၍ ထိုင်းနိုင်ငံမြောက်ပိုင်းဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလှအပဆိုင်ရာရှင်းလင်းဟောပြောပွဲကို မေ ၁၄ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Chatrium Hotel, Grand Ballroom ၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ နှစ်သက်သည့် ထိုင်းနိုင်ငံ၏ အဆင့်မြင့် Spa နှင့် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးအခွင့်အလမ်းများအတွက် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဆက်လက်ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(၁၆၈)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၁၃ ရက်)

မဟာဗျူဟာ ပြုပြင်ပြောင်းလဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာပြီးနောက် ပါတီစုံဒီမိုကရေစီစနစ်ကို ဦးတည်လျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသောကဏ္ဍများ အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲလျက်ရှိပေသည်။ ဤသို့ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် ပြည်သူတစ်ရပ်လုံးကရော နိုင်ငံတကာအသိုင်းအဝိုင်းကပါ ချီးကျူးပြောဆိုခဲ့ကြပေသည်။

အထူးသဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် သိသာမြင်သာသော ပြောင်းလဲမှုများ ဖြစ်ခြင်းကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းက အသိအမှတ်ပြုခဲ့ရသည့်အပြင် စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ခြင်း၊ ဆိုင်းငံ့ခြင်း၊ ကြွေးမြီများလျှော်ပေးခြင်း စသော တုံ့ပြန်မှုများကိုလည်းတွေ့ရပေသည်။ ယခုအခါ နိုင်ငံတကာက မြန်မာနိုင်ငံအား ကူညီထောက်ပံ့ပေးလိုမှုများ၊ ရင်းနှီးမြှုပ်နှံလိုမှုများ၊ ကမ်းလှမ်းမေးမြန်းမှုများ ရှိလာသည်ကိုလည်း ကြားသိရ၏။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ကား ငွေကြေး၊ အရင်းအနှီးနှင့် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်တို့လိုအပ်၏။ ဤလိုအပ်ချက်များ ရယူဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာတစ်ခုတည်းကိုသာ မှီခိုအားထားနေ၍ မဖြစ်ပေ။ နိုင်ငံတကာ အကူအညီအထောက်အပံ့နှင့် ချေးငွေ၊ ရင်းနှီးမြှုပ်နှံမှုတို့လည်း လိုအပ်ပေသည်။

အဆိုပါ နိုင်ငံတကာ အကူအညီအထောက်အပံ့နှင့် ရင်းနှီးမြှုပ်နှံမှုများအား ကဏ္ဍအလိုက်၊ ဒေသအလိုက်၊ ရည်မှန်းသည့်ဖွံ့ဖြိုးမှုနှုန်းထားအလိုက် တိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး၊ ဆင်းရဲမှုနှုန်းလျှော့ချရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ထိရောက်စွာ အသုံးပြုနိုင်ရေးတို့အတွက် ဒုတိယအဆင့်မဟာဗျူဟာပြုပြင်ပြောင်းလဲမှုအဖြစ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က မေ ၁၁ ရက် နံနက်ပိုင်းတွင် နိုင်ငံတော် သမ္မတရုံး၌ကျင်းပသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားခဲ့ပေသည်။

ဤကဲ့သို့ စီးပွားရေးအခွင့်အလမ်းများ တိုးပွားလာချိန်တွင် ပြည်တွင်းပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သမဝါယမအသင်းအဖွဲ့များ၊ ပုဂ္ဂလိကဖောင်ဒေးရှင်းများ အချင်းချင်းအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုမှာလည်း အရေးကြီးပေသည်။ ယင်းအဖွဲ့အစည်းများက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ကြိုးပမ်းကြရပေမည်။ သို့မှသာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ယနေ့ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲရာတွင် နိုင်ငံတော်က အခြေခံကျသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကဏ္ဍများ ပြုပြင်ပြောင်းလဲပေးခဲ့သကဲ့သို့ ဒုတိယအဆင့်အနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းအားကိုယူလျက် မဟာဗျူဟာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ထိရောက်အောင်မြင်စေရန် ဌာနအသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့က ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းကာ ကြိုးပမ်းဖော်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မိမိတို့နိုင်ငံတွင် လွှတ်တော်စာကြည့်တိုက် တည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ
နှစ်နိုင်ငံ လွှတ်တော်စာကြည့်တိုက်များအကြား ကွန်ရက် ဖွဲ့စည်းတည်ဆောက်
အွန်လိုင်းတွင် စာအုပ်စာစောင်များ အပြန်အလှန် လေ့လာကြည့်ရှုနိုင်ရန် ရည်ရွယ်ဆောင်ရွက်

ကြည့်ရှုလေ့လာ

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အဖွဲ့ Tokyo Stock Exchange ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၂

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေ ၉ ရက် နံနက် ၉ နာရီတွင် တိုကျိုမြို့ရှိ Tokyo Stock Exchange သို့သွားရောက်ကြည့်ရှုလေ့လာကြရာ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Saito နှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆွေးနွေးမေးမြန်း

ယင်းနောက် အစည်းအဝေးခန်းမ၌ Mr. Saito က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Tokyo Stock Exchange ကို ၁၈၇၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့မှုနှင့် လက်ရှိ Stock ဈေးကွက်တွင် ရှယ်ယာများရောင်းချနေမှု၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် Stock ဈေးကွက်၏ အရေးပါမှုတို့ကိုရှင်းလင်းပြောကြားရာ ပြည်ထောင်စုလွှတ်တော်နာယက က Stock Exchange နှင့် Stock ဈေးကွက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းသည်။

ထိုမှတစ်ဆင့် ဂျပန်စီးပွားရေးလုပ်ငန်းအဖွဲ့ (Keidanren) သို့သွားရောက်ကြပြီး Asia and Oceania Committee ဥက္ကဋ္ဌ Mr. Kawamura နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံကုမ္ပဏီများမှ စီးပွားရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ သိရှိလိုသည်များကို ဆွေးနွေးဖြေကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး တိုးတက်ပြောင်းလဲနေမှု၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နေမှု၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အထူးစီးပွားရေးဇုန်ဥပဒေများ ပြင်ဆင်ရေးဆွဲနေမှု၊ အထူးစီးပွားရေးဇုန်များကို စီမံဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဂျပန်နိုင်ငံ National Diet လွှတ်တော်စာကြည့်တိုက်သို့ရောက်ရှိကြရာ စာကြည့်တိုက်ဥက္ကဋ္ဌ Mr. Otaki နှင့် သုတေသနဌာန ဌာနမှူး Mr. Yamaguchi တို့က လွှတ်တော်စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များသာမက လွှတ်တော်အစည်းအဝေးဆိုင်ရာ မှတ်တမ်းမှတ်ရာများ၊ နိုင်ငံတော်၏သတင်းထုတ်ပြန်ချက်များနှင့် ထုတ်ပြန်ထားသည့်ဥပဒေဆိုင်ရာ မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားရှိမှု၊ လွှတ်တော်အတွက်လိုအပ်သော မှတ်တမ်းမှတ်ရာ အချက်အလက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ နိုင်ငံပိုင် စာကြည့်တိုက်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များသာမက ပြည်သူများပါ နေ့စဉ်လာရောက်ဖတ်ရှုနေမှု၊ လွှတ်တော်၏ဆောင်ရွက်ချက်များကို ပြည်သူများ သိရှိစေရန် ဆောင်ရွက်ပေးမှု၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အစည်းအဝေးအတွင်း ဆွေးနွေးချက် မှတ်တမ်းများကို ထိန်းသိမ်းထားရှိမှု၊ သိရှိလိုသည့် အကြောင်းအရာတစ်ခု၏ ရက်စွဲကို ခလုတ်နှိပ်သည်နှင့် မှတ်တမ်းမှတ်ရာ အချက်အလက်များအား ချက်ချင်းသိရှိနိုင်စေရန် အီလက်ထရွန်နစ်စနစ်ဖြင့် ချိတ်ဆက်ထုတ်ပြန် ဆောင်ရွက်ပေးနေမှုနှင့် စာကြည့်တိုက် ထိန်းသိမ်းဆောင်ရွက်မှုစနစ်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး ဆွေးနွေးပြောကြားရာတွင် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်များသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံ လွှတ်တော်စာကြည့်တိုက်၏ လုပ်ထုံးလုပ်နည်းနှင့် နည်းစနစ်များကို သိရှိလို၍ အလေးထားလာရောက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပြည်သူများ လေ့လာဖတ်ရှုနိုင်သည့် အမျိုးသားစာကြည့်တိုက်ရှိကြောင်း၊ လွှတ်တော်စာကြည့်တိုက်ကို ယခုကဲ့သို့ လေ့လာခွင့်ရသဖြင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့နိုင်ငံတွင်လည်း လွှတ်တော်စာကြည့်တိုက်တည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံ လွှတ်တော် စာကြည့်တိုက်များအကြား ကွန်ရက်ဖွဲ့စည်းတည်ဆောက်ရန်၊ စာအုပ်စာစောင်များ လဲလှယ်ရန်၊ အွန်လိုင်းတွင် စာအုပ်စာစောင်များ အပြန်အလှန်လေ့လာကြည့်ရှုနိုင်ရန် ရည်ရွယ်၍ အပြန်အလှန်ပူးပေါင်း ဆောင်ရွက်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ဧည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြပြီး စာကြည့်တိုက်အတွင်းလှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဂျပန်နိုင်ငံ National Diet လွှတ်တော်စာကြည့်တိုက်ကို ၁၉၄၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်များ၌ တစ်ခုအပါအဝင်ဖြစ်သည်။

ထိန်းသိမ်းထား

ပြည်တွင်း ပြည်ပစာအုပ်ပေါင်း ၃၇ သန်းနှင့် လွှတ်တော်အစည်းအဝေးဆိုင်ရာ မှတ်တမ်းမှတ်ရာများ၊ နိုင်ငံတော်၏ သတင်းထုတ်ပြန်ချက်များနှင့် ထုတ်ပြန်ထားသော ဥပဒေဆိုင်ရာမှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားကြောင်း သိရသည်။ ထို့ပြင် ၁၉၄၂ ခုနှစ် ပထမအကြိမ် လွှတ်တော်အစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ထိန်းသိမ်းထားကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များအား ဂျပန်နိုင်ငံ အထက်လွှတ်တော် အထွေထွေအတွင်းရေးမှူးချုပ် Mr. Ha Shimoto က ဂျပန်နိုင်ငံ အထက်လွှတ်တော် ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ ပါလီမန်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Taro Aso နှင့် ဂျပန်-မြန်မာချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr. Hideo Watanabe ဦးဆောင်သော အမှုဆောင်အဖွဲ့က ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာ စားပွဲသို့ မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အထွေထွေအတွင်းရေးမှူး ဦးရဲထွဋ်တို့လည်း တက်ရောက်ကြပြီး မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက် ခိုင်မြဲရေးနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းသည် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Yukio EDANO အား ညနေ ၅ နာရီခွဲတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုန်သွယ်စက်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဌာနဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို မေ ၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက ငွေကျပ် ၅၁၇၀၀၀တန်ဖိုးရှိ ဝတ်စုံ ၃၂ စုံကို တစ်ဦးချင်းထံပေးအပ်စဉ်။ (၀၅၇)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်
နတ်ကာရေလှောင်တမံ စစ်ဆေး

နေပြည်တော် မေ ၁၂

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်သည် မေ ၈ ရက် နံနက်ပိုင်းတွင် တောင်သာမြို့နယ် ဓမ္မသာရပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးပြီး တောင်သာတောင် စိမ်းလန်းစိုပြည်ရေးနှင့် မြို့နယ်တစ်ခုလုံး စိမ်းလန်းစိုပြည်ရေးအတွက် နှစ်အလိုက် အကွက်သတ်မှတ် စိုက်ပျိုးသွားရန်မှာကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် မဲဒီကျေးရွာအနီးရှိ နတ်ကာရေလှောင်တမံကို ကြည့်ရှုစစ်ဆေးကာ နတ်ကာရေလှောင်တမံ ရေသောက်ဧရိယာ ဧက ၁၂၀၀ အား အပြည့်အဝစိုက်ပျိုးနိုင်ရေး၊ စနစ်တကျရေပေးရေးနှင့်ချောင်းကောက်ရေလှောင်တမံမှ ပိုလျှံရေများကို ယင်းတော်ကန်၏ စိုက်ဧက ၂၄၃၀ အတွက် စိုက်ပျိုးရေ လိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် စည်သာကျေးရွာအုပ်စုမှ တောင်သူဦးဝင်းညွန့်၏ ပုလဲသွယ်စပ်မျိုးစပါးရှစ်ဧက စိုက်ခင်း၊ ဝက်လက်ကျေးရွာအုပ်စု တောင်သူဦးညဏ်ဖြိုးအောင်၏ မိုးကြိုချည်မျှင်ရှည်ဝါ ငွေချည်(၆)စိုက်ပျိုးထားမှု၊ ပျော်ဘွယ်မြို့နယ်ရှိ ကျောက်ဆည်ကန်နှင့် ရမည်းသင်းမြို့နယ်ရှိ ကျီးနီကန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလမ်းမြို့၌ ကဆုန်ညောင်ရေသွန်း

ဖလမ်း မေ ၁၂

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် (၁၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို မေ ၅ ရက် နံနက်က ဖလမ်းမြို့ ကျင်ပွာလ်ရပ်ကွက် ဖလမ်းမြို့အဝင် လွတ်လပ်ရေးစေတီ အနီး၌ကျင်းပရာ အခမ်းအနားတွင် လွတ်လပ်ရေးစေတီ၊ သိမ်နှင့်ဗောဓိပင်တို့အား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူခြင်းနှင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီးနောက် ညနေ ၃ နာရီတွင် လွတ်လပ်ရေးစေတီအနီး ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်း၍ ပဌာန်းရွတ်ဖတ်ပူဇော်ကြသည်။

ညပိုင်းတွင် ရန်ပြေ မာန်ပြေ နိုင်ငံအေး အောင်တော်မူဆုတောင်းပြည့်စေတီ၌ ဆီမီးများပူဇော်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဘုရင့်နောင်တံတားဖြတ်သန်းခနှင့် စပ်လျဉ်း၍ရှင်းလင်း

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရင့်နောင်တံတား ဖြတ်သန်းခနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆောင်ရွက်ထားမှုများကို ရှင်းလင်းခဲ့ကြောင်းသိရသည်။

ဘုရင့်နောင်တံတားသည် အရှည်ပေ ၁၆၄၀ ရှိပြီး ၃ တန်သာ ခွင့်ပြုသည့် တံတားဖြစ်ကြောင်း၊ ယခင်က သာမန်အဆင့်တံတားဟု သတ်မှတ်ခဲ့ကြောင်း။

(၂၀၁၂-၂၀၁၃)ဘဏ္ဍာနှစ် လေလံကြမ်းခင်းဈေးကို စနစ်တကျစုဖွဲ့ထားသော စံနှုန်းကောက်ယူရေးအဖွဲ့ဖြင့် တစ်လလျှင် ခုနစ်ရက်ကျဖြင့် သုံးလအတွက် ၂၁ ရက်အတွင်း ယာဉ်အမျိုးအစားအလိုက်၊ ယာဉ်၏ဝင်ရိုးတန်းအလိုက် ဖြတ်သန်းသွားသည့် ယာဉ်စီးရေကို တန်ဖိုးသင့်လျက် တစ်ရက်စာပျမ်းမျှရယူ၍ တစ်နှစ်လေလံကြမ်းခင်းဈေးကို တွက်ချက်ရာ (၂၀၁၂-၂၀၁၃) ဘဏ္ဍာနှစ် ဘုရင့်နောင်တံတား၏ လေလံကြမ်းခင်းဈေး (၁၀၀ ရာခိုင်နှုန်း) မှာ ၁၂၄၇၅ ဒသမ ၇၆ သိန်းဖြစ်သဖြင့် (၂၀၁၁-၂၀၁၂) ဘဏ္ဍာနှစ် ကြမ်းခင်းဈေး ငွေကျပ် ၄၅၅၀ သိန်းထက် နှစ်ဆကျော်ခန့် များသွားခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၁)မှ သဘောတူဆုံးဖြတ်ချက်အရ(၂၀၁၁-၂၀၁၂) ဘဏ္ဍာနှစ်တွင် တံတားများကို ပေအရှည်အလိုက် ခွဲခြား၍ သတ်မှတ်ကောက်ခံရန် ဆုံးဖြတ်ခဲ့ရာ ဘုရင့်နောင်တံတား အတွက် စီမံကိန်းဝင်(ဂ) အဆင့် တံတားနှုန်းဖြင့် (၁-၁၀-၂၀၁၁)ရက်နေ့မှ စတင်ကောက်ခံရန် အကြောင်းကြားခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏မေတ္တာရပ်ခံချက်အရ (၂၀၁၁-၂၀၁၂)ဘဏ္ဍာနှစ်ကုန်သည်အထိ သာမန်တံတား(ဃ)အဆင့်နှုန်းဖြင့် ကောက်ခံရန်နှင့် (၂၀၁၂-၂၀၁၃) ဘဏ္ဍာနှစ်အစ(၁-၄-၂၀၁၂)ရက်မှသာ စီမံကိန်းဝင်တံတား (ဂ)အဆင့်နှုန်းဖြင့် ကောက်ခံရန်တင်ပြခဲ့ခြင်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သဘောတူခဲ့ကြောင်း။

ဘုရင့်နောင်တံတားပေါ် ဖြတ်သန်းသွားလာသော ရန်ကုန်နည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ အနောက်ပိုင်းတက္ကသိုလ်သို့သွားသော ကျောင်းကားများနှင့် သာရေး၊ နာရေးယာဉ်တန်းများကို ယခင်နည်းတူ အခမဲ့ဖြတ်သန်းရန် ခွင့်ပြုထားကြောင်း၊ ဘုရင့်နောင်တံတားလေလံရရှိသူ အေးရှားဝေါ(လ်) ကုမ္ပဏီသည် ပဒေသာပင်မြို့တော် (FMI City) တွင် နေထိုင်သော လုပ်သားပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းအငြိမ်းစားများ သက်သာမှုရှိအောင် ယခင်နှစ်များမှစ၍ ကြိုတင်လပေးကတ်များကို သက်သာသောနှုန်းထားဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ (၂၀၁၁-၂၀၁၂)ဘဏ္ဍာနှစ်တွင် သာမန်တံတားနှုန်း ကိုယ်ပိုင်ယာဉ်တစ်ရက်လျှင် ခုနစ်ကြိမ် ဖြတ်သန်းခ (၅၀ ကျပ်နှုန်းဖြင့်) သုံးလစာ ၃၁၅၀၀ ကျပ်ကို ၃၀၀၀၀ ကျပ်ဖြင့် ၁၆၂ ဦးအားလည်းကောင်း၊ (၂၀၁၂-၂၀၁၃) ဘဏ္ဍာနှစ်အစတွင် စီမံကိန်းဝင်တံတားနှုန်း တစ်ရက်လျှင် ခုနစ်ကြိမ်ဖြတ်သန်းခ ၁၅၀ ကျပ်နှုန်းဖြင့် သုံးလစာ ၉၄၅၀၀ ကျပ်ကို ၉၀၀၀၀ ကျပ်ဖြင့် ၆၇ ဦးအားလည်းကောင်း သုံးလစာ လပေးကတ် ပြုလုပ်ပေးခဲ့ကြောင်း၊ ဧပြီ ၁၂ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အထွေထွေမန်နေဂျာနှင့်အဖွဲ့မှ ယခင် တံတားဖြတ်သန်းကြိမ် ခုနစ်ကြိမ်မှ ခြောက်ကြိမ်သို့လျှော့ချ၍ သုံးလစာ ၈၁၀၀၀ ကို ၈၀၀၀၀ ဖြင့် ဖြေလျှော့ပေးမှုအရ လပေးကတ်ပြုလုပ်သူ ထပ်မံတိုးတက်လာခဲ့ကြောင်း၊ မေ ၈ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ၊ ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးနှင့် အနောက်ပိုင်းခရိုင် အင်ဂျင်နီယာမှူးနှင့်အဖွဲ့သည် ပဒေသာပင်မြို့တော် ဓမ္မာရုံတွင် မြို့မိ မြို့ဖများ၊ အိမ်ရှင် အသင်းဝင်များနှင့် မ. ထ. သ အဖွဲ့အစည်းခြောက်ခုမှ ကိုယ်စားလှယ်များကို တွေ့ဆုံ၍ ဘုရင့်နောင်တံတားကို သာမန်တံတား(ဃ)အဆင့်မှ စီမံကိန်းဝင်တံတား (ဂ)အဆင့်သို့ ပြောင်းလဲကောက်ခံမှုအခြေအနေ အသေးစိတ်နှင့် ပဒေသာပင်မြို့တော်အတွင်း နေထိုင်သော လုပ်သားပြည်သူများ၊ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ နေ့စဉ် ဘုရင့်နောင်တံတားကိုဖြတ်၍ လူမှုရေးကိစ္စများသွားလာသည့် အသွားအပြန်ခေါက်ရေကို ရုံးဖွင့်ရက်ဖြတ်သွားနှုန်း၊ ရုံးပိတ်ရက်ဖြတ်သွားနှုန်းများကို အခြေခံညှိနှိုင်းတွက်ချက်ပြီး ၅၀ ရာခိုင်နှုန်းအောက်အထိ ဖြေလျှော့ကာ သုံးလအတွက် ၄၀၀၀၀ ကျပ်နှုန်းဖြင့် လပေးကတ်ကို သတ်မှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

13-5 (03).pmd 1 5/13/2012, 1:46 AM

အာကာသတက္ကစီယာဉ်များ တည်ဆောက်

ကိတ်ကာနေဗယ် မေ ၁၂



နာဆာမှ အာကာသယာဉ်တည်ဆောက်ရေးလုပ်ငန်း နှစ်ခုနှင့် ဥရောပမှ အာကာသယာဉ်တည်ဆောက်ရေးကုမ္ပဏီ တစ်ခုဖြစ်သည့် အက်စထရန်တို့ ပူးတွဲပြီး အာကာသတက္ကစီယာဉ် တည်ဆောက်ရေး လုပ်ငန်းများ စတင်လျက်ရှိကြောင်း နာဆာက မေ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

ပြီးခဲ့သည့်နှစ်မှစတင်ကာ အာကာသခရီးစဉ်များ ရပ်ဆိုင်းခဲ့သော နာဆာကြောင့် ရုရှားနိုင်ငံက အာကာသခရီးစဉ်များ ပျံသန်းမှုကို လွတ်လပ်စွာဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသယာဉ်မှူးများ ပို့ဆောင်ရေးကိုလည်း လုပ်ဆောင်နိုင်ခဲ့သည်။

ယခုအခါ အာကာသတက္ကစီယာဉ်များ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ စေလွှတ်ရန်အတွက် အာကာသတက္ကစီများ တည်ဆောက်နေသော ကုမ္ပဏီများထံမှ ၂၀၁၇ ခုနှစ်မှစတင်ကာ ဝယ်ယူပြီး ပြန်လည်ပျံသန်းရန် စီစဉ်မည်ဖြစ်သည်။

အာကာသတက္ကစီများ ပျံသန်းပြေးဆွဲရာတွင် လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်ဖြင့် ပျံသန်းပြေးဆွဲပေးမည်ဖြစ်သည်။ ယခုအခါ အာကာသတက္ကစီယာဉ်များကို ပုဂ္ဂလိကကုမ္ပဏီများဖြစ်သည့် ဘိုးရင်း၊ အက်စ်အီးတီ၊ နီဗားဒါးနှင့် ဘလူးအောရီဂျင်တို့ကလည်း အာကာသတက္ကစီယာဉ်ဒီဇိုင်းများ ထုတ်လုပ်လျက်ရှိနေပြီဖြစ်သည်။ (အင်တာနက်)

ဒုတိယကမ္ဘာစစ်အတွင်းမှ တိုက်လေယာဉ် အီဂျစ်သဲကန္တာရအတွင်းတွေ့ရှိ

လန်ဒန် မေ ၁၂

အီဂျစ်နိုင်ငံ သဲကန္တာရအတွင်း ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်းက ပျက်ကျခဲ့သော အာအေအက်ဖ်တိုက်လေယာဉ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း မေ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။ (ယာပုံ)

အဆိုပါလေယာဉ်သည် လေယာဉ်မှူး ဒင်းနစ်ကောပင်း မောင်းနှင်ခဲ့သော လေယာဉ်ဖြစ်ပြီး ၎င်းလေယာဉ်ပျက်အနီး တစ်ဝိုက်တွင် လေယာဉ်မှူးနှင့် ပတ်သက်သည့် သဲလွန်စ အထောက်အထားတစ်စုံတစ်ရာမျှ မတွေ့ခဲ့ကြောင်း၊ သို့သော် ၎င်းလေယာဉ်မှူးနှင့်ပတ်သက်ပြီး ဆက်လက်ရှာဖွေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ယုံကြည်ထား

ယင်းလေယာဉ်ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ သယ်ဆောင်ပြီး လန်ဒန်မြို့မြောက်ပိုင်း ဟန်ဒန်မြို့ရှိ အာအေအက်ဖ်ပြတိုက်၌ ပြသရန် စီစဉ်မည်ဖြစ်သည်။ ၎င်းလေယာဉ်မှ လေယာဉ်မှူးနှင့် ပတ်သက်ပြီး အထောက်အထားများတွေ့ရှိနိုင်မည်ဟုလည်း ယုံကြည်ထားသည်။ ၎င်းလေယာဉ်မှ လေယာဉ်မှူး ဒင်းနစ်ကောပင်းသည် ယင်းအချိန်က အသက် ၂၄ နှစ်ရှိပြီး အမေရိကန်လုပ် အာအေအက်ဖ်အမျိုးအစား အင်ဂျင်တစ်လုံးတပ် တိုက်လေယာဉ်ဖြင့် ၁၉၄၂ ခုနှစ် ဇွန်လက အီဂျစ်နိုင်ငံအနောက်ပိုင်း သဲကန္တာရအတွင်း ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ကာရေဘီယံပင်လယ်ပြင်၌ ကုန်တင်သင်္ဘောအပိုင်စီးခံရ

ဂျကာတာ မေ ၁၂

အဇာဘိုင်ဂျန်နိုင်ငံမှ ရေနံစိမ်းများတင်ဆောင်လာသော ကုန်တင်သင်္ဘောတစ်စင်းသည် အိုမန်ကမ်းလွန်တွင် မေ ၁၁ ရက်က ပင်လယ်ဓားပြများ၏ အပိုင်စီးခံခဲ့ရဖွယ်ရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

အဆက်အသွယ်ပြတ်

အဆိုပါသင်္ဘောသည် အင်ဒိုနီးရှားနိုင်ငံသို့ ဦးတည်မောင်းနှင်လာစဉ် ကာရေဘီယံပင်လယ်ပြင်၌ အပိုင်စီးခံရဖွယ်ရှိကြောင်း၊ ၎င်းသင်္ဘောသည် ဂျကာတာစံတော်ချိန် မတ် ၁၁ ရက် ည ၆ နာရီ ၁၅ မိနစ်၌ အဆက်အသွယ်ပြတ်တောက်သွားခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

သယ်ဆောင်လာ

ယင်းကုန်တင်သင်္ဘောသည် အဇာဘိုင်ဂျန်နိုင်ငံ အဇီရီဆိပ်ကမ်းမှ ရေနံစိမ်းစည် ၉၅၀၀၀၀ ကို သယ်ဆောင်လာခြင်းဖြစ်သည်။ အဆိုပါရေနံစိမ်းများသည် အင်ဒိုနီးရှားနိုင်ငံ ဘာလစ်ပါပင်မြို့ရှိ ရေနံချက်စက်ရုံ၌ ရေနံများသန့်စင်ရန်ဖြစ်သည်။

အိုမန်ကမ်းလွန်ရှိ ကာရေဘီယံပင်လယ်ပြင်တွင် ကုန်တင်သင်္ဘောများ ယခုလပိုင်းအတွင်း အပိုင်စီးခံရမှု မကြာခဏဖြစ်ပွားလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှု ၃၈ ဦးသေဆုံး

မိုဂါဒစ်ရှူး မေ ၁၂

ဆိုမာလီနိုင်ငံတွင် အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်း၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံး ၃၈ ဦးသေဆုံးပြီး ဒါဇင်များစွာဒဏ်ရာရကြောင်း ဆိုမာလီနိုင်ငံ အယ်ရှာဘတ်တိုက်ခိုက်ရေးသမားများက ပြောကြားသည်။

ဖော်ပြထား

ဆိုမာလီနိုင်ငံအနောက်တောင်ပိုင်း ဘာဒါဒေးခရိုင်အတွင်း အမေရိကန်မောင်းသူမဲ့လေယာဉ်က တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သေဆုံးသူအနည်းဆုံး ၃၈ ဦးရှိပြီး ဒဏ်ရာရသူအများအပြားရှိကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြထားသည်။

အသုံးပြုခဲ့

အမေရိကန်စစ်ဘက်က ဆိုမာလီနိုင်ငံတွင် ထောက်လှမ်းရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအတွက် မောင်းသူမဲ့လေယာဉ်များကို အသုံးပြုခဲ့သည်။ (ဝဲပုံ) (အင်တာနက်)

အာဖဂန်လုံခြုံရေး ယူနီဖောင်းဝတ်တစ်ဦးလက်ချက် နေတိုးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ကဘူးလ် မေ ၁၂

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝတ်စုံဝတ်ထားသူတစ်ဦးက နေတိုးတပ်ဖွဲ့ဝင်များကို သေနတ်ဖြင့်ပစ်သည့်အတွက် တစ်ဦးသေဆုံးကြောင်း နေတိုးအဖွဲ့က ကြေညာသည်။

မေ ၁၁ ရက်က ယင်းသို့ပစ်ခတ်ခြင်းဖြစ်ကြောင်း နေတိုးအဖွဲ့က ကြေညာသော်လည်း အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။

ပစ်ခတ်မှုမှာ ကူနာပြည်နယ်တွင်ဖြစ်ပွားကြောင်း အမည်မဖော်လိုသည့် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ တာလီဘန်အကြမ်းဖက်အုပ်စုကမူ ယင်းပစ်ခတ်မှုသည် သူတို့လက်ချက်ဖြစ်ကြောင်း ကြေညာခဲ့သည်။ (အင်တာနက်)

ပီရူးနိုင်ငံတွင် ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျ

လီမာ မေ ၁၂

ပီရူးနိုင်ငံ အမာဇိုးနီးယန်းဒေသတွင် ဘတ်စ်ကားတစ်စီး ချောက်အတွင်းသို့ ထိုးကျပြီးနောက် ၁၉ ဦးသေဆုံးပြီး အခြားခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ချာချာပိုယပ်စ်မြို့ မြို့တော်ဝန် ဂျိုးစ်ဆန်တို့စ်က မေ ၁၁ ရက်တွင် ပြောကြားသည်။ (ယာပုံ)

ဖြစ်စဉ်မှာ အဆိုပါဘတ်စ်ကားသည် ပီရူးနိုင်ငံ လီမာမြို့မြောက်ဘက် ကီလိုမီတာ ၁၀၀၀ ခန့်အကွာရှိ ချာချာပိုယပ်စ်မြို့နှင့် ရိုဒရီဂွာဒီမန်ဒိုဇာမြို့နှစ်မြို့ကြားရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် ပြေးဆွဲနေစဉ် မတော်တဆဖြစ်ပွားမှုကြောင့် ရိုဒရီဂွာဒီမန်ဒိုဇာမြို့အနီး မီတာ ၁၅၀ ခန့်အနက်ရှိ ချောက်အတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်ကြောင်း ဆန်တို့စ်က ဒေသအတွင်းရှိ အသံလွှင့်ဌာနတစ်ခုသို့ ပြောကြားခဲ့သည်။ ဒဏ်ရာရသူများကို အနီးရှိဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။ ဖြစ်ပွားရသည့်အကြောင်းအရင်းကို မသိရသေးကြောင်း၊ သို့သော်လည်း ယင်းဘတ်စ်ကားမောင်းသူ အိပ်ငိုက်မှုကြောင့်ဖြစ်ကြောင်း ဆန်တို့စ်က ဆက်လက်ပြောကြားခဲ့သည်။ (အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ ၁၂-၅-၂၀၁၂

တင်မောင်လွင် — စုစည်းသည်

လီဘာတီအာကာသဒုံးပျံယာဉ် တည်ဆောက်မှုပြီးစီး

အမေရိကန်အာကာသလွန်းပြန်ယာဉ်နှင့် ဥရောပအရီယာနီဒုံးကျည်အပိုင်းအစများပေါင်းစပ်ပြီး အာကာသယာဉ်မှူးတစ်ဦးလိုက်ပါစီးနင်းနိုင်မည့် အာကာသဒုံးပျံယာဉ်တစ်စင်းကို တည်ဆောက်ရန်ရည်ရွယ်ထားရှိသည့် စက်မှုဆိုင်ရာအဖွဲ့တစ်ဖွဲ့သည် ယခုအချိန်တွင် အဆိုပါလုပ်ငန်းစဉ်များပြီးမြောက်သွားပြီဖြစ်ကြောင်း မေ ၁၁ ရက်က ပြောကြားခဲ့သည်။

နာဆာသို့ရောင်းချဖွယ်ရှိသည့်လီဘာတီ(Liberty) အမည်ရှိ အဆိုပါအာကာသဒုံးပျံယာဉ်သည် ၎င်း၏ဝန်ထမ်းများကို နိုင်ငံတကာအာကာသစခန်းသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။ ယူတတ်အခြေစိုက် Alliant Techsystems ကုမ္ပဏီက အဆိုပါဒုံးပျံယာဉ်တည်ဆောက်ရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုခဲ့သည်။ အဆိုပါကုမ္ပဏီက လီဘာတီအာကာသဒုံးပျံယာဉ်ကို ၎င်း၏ပထမဆုံး လူလိုက်ပါသည့် ခရီးစဉ်အဖြစ် လာမည့် ၂၀၁၅ခုနှစ်တွင် စတင်လွှတ်တင်မည်ဖြစ်သည်။ **(အောက်ပုံ) (အင်တာနက်)**

တရုတ်မြောက်ပိုင်း၌ မိုင်းတွင်းမီးလောင်၊ ငါးဦးသေဆုံး

တရုတ်နိုင်ငံမြောက်ပိုင်း ဟေဘေးပြည်နယ်တွင် မေ ၁၁ ရက် နံနက်ပိုင်းက ကျောက်မီးသွေးမိုင်းတွင်းတစ်ခုအတွင်း မီးလောင်မှုဖြစ်ပွားပြီး လူငါးဦးသေဆုံးခဲ့ကြောင်း ဟေဘေးပြည်နယ်အလုပ်သမားလုံခြုံရေးထိန်းချုပ်မှုဌာန၏ ပြောကြားချက်အရ သိရသည်။

အဆိုပါမီးလောင်မှုသည် ဟေဘေးပြည်နယ် ကျန်ကျင်းစီရင်စုရှိ ကြာတော့င်းကျောက်မီးသွေးတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကနဦးစုံစမ်းစစ်ဆေးချက်အရ အဆိုပါမြေအောက်ကျောက်မီးသွေးမိုင်းတွင်း၌ အလုပ်သမားခုနစ်ဦး အလုပ်လုပ်နေစဉ် လေအေးပေးစက်ပေါက်ကွဲမီးလောင်မှုကြောင့် ထိုသို့ဖြစ်ပွားရခြင်းဖြစ်ကြောင်း အဆိုပါဌာနက ပြောကြားသည်။

မိုင်းလုပ်သားနှစ်ဦးကို လွတ်မြောက်ရန်စီမံနိုင်ခဲ့သော်လည်း အခြားငါးဦးမှာ မြေအောက်မိုင်းတွင်း၌ပင် အသက်ရှူကျပ်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါမိုင်းတွင်းမန်နေဂျာ စူဖန်ရှန်အား ရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့ကြောင်း ယင်းသတင်းဌာနက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

မက္ကဆီကိုမှ မူးယစ်ဆေးဝါးသားကောင်များဖြစ်သွားကြသည့် သားပျောက်များ

တိုး - ရေးသားသည်

မက္ကဆီကိုနိုင်ငံအနောက်ပိုင်း အဝေးပြေးလမ်းမကြီးတစ်ခုပေါ်မှ မော်တော်ယာဉ် နှစ်စီးပေါ်တွင် လူသေအလောင်း ၁၅ လောင်း တွေ့ရှိရသဖြင့် ၂၀၁၂ ခုနှစ် မေ ၉ရက်က စုံစမ်းစစ်ဆေးလျက်ရှိသည်။ အခင်းဖြစ်နေရာမှာ ဂွါဒါလာဂျာရာမြို့နှင့်ချာပါလာမြို့အကြား ဖြစ်သဖြင့် ထိုအနီးတစ်ဝိုက်၌ ပြန်ပေးဆွဲခံရသူ ၁၂ဦး၏ အမှုနှင့်ဆက်စပ်နိုင်သည်ဟု တာဝန်ရှိသူများက ယူဆကြသည်။

လွန်ခဲ့သည့် ငါးလကလည်း ဂွါဒါလာဂျာရာမြို့ ကျောက်တိုင်အနီး၌ မော်တော်ယာဉ်သုံးစီးမှ အလောင်း ၂၆ လောင်းကိုအာဏာပိုင်တို့ကတွေ့ရှိခဲ့သည်။ မက္ကဆီကိုသမ္မတ ကာလ်ဒီရွှန်က ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် မူးယစ်မှောင်ခိုဂိုဏ်းများကို စတင်ချေမှုန်းသည့်အချိန်မှစ၍ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်၍ အကြမ်းဖက် သတ်ဖြတ်မှုများကြောင့် မက္ကဆီကိုနိုင်ငံ၌ သေဆုံးသူ ၄၇၀၀၀ခန့်ရှိခဲ့သည်။ ၂၀၁၂ခုနှစ် မေ ၄ရက်ကလည်း မက္ကဆီကိုနယ်စပ်မြို့ နူယိုလာရီဒိုမြို့တံတားတွင် အမျိုးသား ငါးဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း လူကိုးဦးကိုသတ်ဖြတ်ထားသည်ကို တွေ့ရသည်။ ဧပြီ ၂၀ ရက်ကလည်း မက္ကဆီကိုစီးတီးအရက်ဆိုင်တစ်ဆိုင်အတွင်း ခေါင်းစွပ် သေနတ်သမားတစ်စုက ဝင်ပစ်သဖြင့် သတင်းစာ ဆရာနှစ်ဦး အပါအဝင် လူ ၁၅ ဦးသေဆုံးခဲ့သည်။ သေဆုံးသူများမှာ အသက် ၂၅ နှစ်မှ အသက် ၇၀ကျော်အထိပါဝင်သည်။ မက္ကဆီကိုနိုင်ငံ၌ လူငယ်လူရွယ်များ ပျောက်ဆုံးနေသည်မှာ အရေအတွက် များပြားလှသည်။ သို့မို့ကြောင့်လည်း မက္ကဆီကိုနိုင်ငံ၌ သားပျောက်ရှာ၊ သမီးပျောက်ရှာကာ တစ်နေ့တွေ့နိုးနိုးနှင့် မျှော်ကိုးစောင့်လင့်နေရှာသူမိခင်များမှာလည်း ဒုနှင့်ဒေးရှိနေသည်။

မြို့တော် မက္ကဆီကိုစီးတီး၌ အမေများနေ့ အထိမ်းအမှတ်ချီတက်ပွဲတွင် လိုက်ပါသူ သားပျောက်မိခင်များက ပျောက်သောသူကို ချက်ချင်းရှာပေးရန် ဤသို့ တောင်းဆိုခဲ့ကြသည်။

နိုင်ငံတစ်ဝန်းရှိ သားပျောက်မိခင်များသည် "မိခင်များနေ့"တွင် မက္ကဆီကိုနိုင်ငံမြို့တော်၌ချီတက်အင်အားပြရန် ယခုရောက်ရှိနေကြပြီဖြစ်သည်။

သားပျောက်မိခင်များသည် နိုင်ငံအနှံ့ရှိ မိမိတို့မွေးရပ်ဌာနေမှ မြို့တော်သို့အရောက် မိုင်ပေါင်းရာချီ၍ ကျော်ဖြတ်လာကြရခြင်းဖြစ်သည်။ ဤခရီးဆုံးသို့ ရောက်ရန် လမ်းခရီး၌ အဆင့်ဆင့်တစ်ထောက်နားကာ အားမွေးပြီး အရောက်လာခြင်းလည်း ဖြစ်သည်။

မိခင်များနေ့ အထိမ်းအမှတ် ချီတက်ပွဲတွင် သားပျောက်မိခင်များ အများစုဖြစ်သော်လည်း ပျောက်ဆုံးသွားသူများ၏ ကျန်ရစ်သူမိသားစုအချို့လည်း ပါဝင်သည်။ သားပျောက်မိခင်များနှင့်အတူ သားပျောက်ဖခင်များလည်း ပါဝင်ချီတက်ကြသည်။

ချီတက်သူများ

ချီတက်ရာတွင် ပျောက်ဆုံးသူသား သို့မဟုတ် သမီး၏ ရုပ်ပုံနှင့် ကိုယ်ရေးအကျဉ်းများက ချီတက်သူများကိုင်ဆောင်ရန် ဆိုင်းဘုတ်ကလေးများဖြစ်လာကြသည်။ ထိုမျှ များများစားစား ဤနိုင်ငံ၌ ပျောက်ဆုံးနေသူများရှိကြောင်း အာဏာပိုင်များအား အဆိုပါဆိုင်းဘုတ်များက ပြောပြလိုက်သလို တစ်ချိန်တည်းမှာပင် မျက်မှောက်ခေတ်၏ သတင်းမီဒီယာဖြင့် တစ်ကမ္ဘာလုံးသို့ လှစ်ပြလိုက်ခြင်းလည်းဖြစ်သည်။

အမေများနေ့အခမ်းအနားများကို မက္ကဆီကိုတစ်နိုင်ငံတည်းသာမက အခြားသော လက်တင်အမေရိကနိုင်ငံတို့၌လည်း ကျင်းပကြသည်။

အမေများနေ့ချီတက်ပွဲတွင် မိခင်များက ပျောက်သောသူသားသမီးများ၏ ဓာတ်ပုံပါစာတန်းများကို ကိုင်မြှောက်လာကြခြင်းမှာ ပျောက်ဆုံးသူသတင်းသဲလွန်စကလေးများ ရလိုရငြား မျှော်လင့်ချက်ထားလျက် သယ်ဆောင်လာကြခြင်းဖြစ်သည်။

ပူဆွေးငေးမောတမ်းတ

တကယ်တော့ ပျောက်သည့်နေ့၊ ပျောက်သည့်အချိန်မှစပြီး ပြန်လည်တွေ့ဆုံလို၊ တွေ့ဆုံငြား မျှော်ရသည်မှာလည်း အချိန်တွေကြာညောင်းခဲ့ရပြီဖြစ်သည်။ အချိန်နှင့်အမျှ သားသမီး သံယောဇဉ်ကြောင့် ပူဆွေးငေးမောတမ်းတရသည်မှာလည်း ရင်နှင့်မမျှရှိခဲ့ရပေပြီ။ သက်ဆိုင်ရာများသို့ အကူအညီတောင်းသော်လည်း ထူးမခြားနားပါပေ။ အမှန်မှာ ပျောက်ဆုံးသူများသည် မက္ကဆီကိုနိုင်ငံရှိ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများအချင်းချင်း နယ်လုသတ်ဖြတ်စစ်ခင်းမှု၏သားကောင်များဖြစ်သွားကြသည်သာ ဖြစ်သည်။

နေရာ၊ အချိန်နှင့် ပျောက်ပုံချင်းတူချင်မှတူမည်ဖြစ်သော်လည်း တစ်နည်းမဟုတ်တစ်နည်း မူးယစ်ဆေးဝါးဆိုင်ရာ အကြမ်းဖက်မှု၊ စစ်ခင်းမှုများနှင့် နီးနွှယ်ပတ်သက်ကြောင်း တွေ့ရမည်ဖြစ်သည်။ ယင်းသို့နီးနွှယ် ပတ်သက်ပြန်လျှင်လည်း ပတ်သက်သူအဖို့ ပြန်လမ်းရှိမည်မဟုတ်သဖြင့် "ပျောက်သောသူ ရှာရင်တွေ့" ဟူသော ဝေါဟာရသည် လက်ရှိအချိန်တွင် မက္ကဆီကိုနိုင်ငံ၌ အဓိပ္ပာယ်ရှိမည်မဟုတ်ပါပေ။ မူးယစ်ဆေးဝါးသည် မိခင်များ၏သားသမီးများကို အပြီးတိုင်ဝါးမျိုသွားကြသည် မဟုတ်ပါလား။

"အမှန်မှာ ပျောက်ဆုံးသူများသည် မက္ကဆီကိုနိုင်ငံ၌ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများအချင်းချင်း နယ်လုသတ်ဖြတ် စစ်ခင်းမှု၏ သားကောင်များ ဖြစ်သွားကြသည်"

မည်သို့ပင်ဖြစ်စေ မက္ကဆီကိုနိုင်ငံမြို့တော် မက္ကဆီကိုစီးတီး၌ အမေများနေ့ အထိမ်းအမှတ်ချီတက်ပွဲတွင် လိုက်ပါသူ သားပျောက်မိခင်များက ပျောက်သောသူကို ချက်ချင်းရှာပေးရန် ကြွေးကြော်တောင်းဆိုနေကြဦးမည်ဖြစ်သည်။ သားပျောက်ရှာခရီးကိုလည်း ဤနေရာ၌ ရပ်မည်မဟုတ်။ ပျောက်ဆုံးသူများကို ကိုးလလွယ် ဆယ်လမွေးပြီး ပခုံးလက်နှစ်သစ်မှစ၍ လူဖြစ်အောင် ကျွေးမွေးပြုစုယုယခဲ့ကြသူများ ဖြစ်သည့် အားလျော်စွာ သူတို့၏လုပ်ရပ်၊ သူတို့၏ အားမာန်သည် သားသမီးအပေါ်ထားရှိသည့် အတိုင်းအဆကြီးမားသော မိဘမေတ္တာပင်မဟုတ်ပါလား။ ။

ကိုးကား - အင်တာနက်

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင်-ရေးသားသည်

မနီလာပင်လယ်အော်အနီး ကျူးကျော်ရပ်ကွက် မီးလောင် ဒေသခံ ၁၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်

မနီလာ မေ ၁၂

ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ်အော်ဝန်းကျင်ရှိ ကျူးကျော်လူနေရပ်ကွက်တွင် မီးလောင်မှုကြီးတစ်ရပ်ဖြစ်ပွားရာ လူပေါင်းတစ်သောင်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မီးလောင်မှုမှာ မေ ၁၁ ရက်က ဖြစ်ပွားခြင်းဖြစ်ပြီး **(အောက်ပုံ)**တွန်ဒိုခရိုင် မနီလာပင်လယ်အော်ဝန်းကျင်ရှိ အိမ်ခြေရာမြေများ ပြွတ်သိပ်တည်ရှိရာ မြို့စွန်ကျူးကျော်ရပ်ကွက်တွင် လောင်သောမီးဖြစ်ခြင်းကြောင့် မီးငြိမ်းသတ်နိုင်ရေးခက်ခဲခဲ့ကြောင်း၊ ရပ်ကွက်နေပြည်သူများသည် မီးဘေးမှလွတ်မြောက်ရေးအတွက် ရရာပစ္စည်းများဆွဲယူကာ ပင်လယ်အတွင်း ခုန်ဆင်းခဲ့ကြကြောင်း မီးသတ်ဌာနက ပြောကြားသည်။

မီးသတ်ဌာနမှ စေလွှတ်သောမီးသတ်ယာဉ်များရှိ ရေအားဖြင့်ပင် မီးငြိမ်းသတ်နိုင်ခြင်းမရှိသဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်များအကူအညီဖြင့် ပင်လယ်အတွင်းမှ ရေကို စုပ်ယူမီးငြိမ်းသတ်ခဲ့ရကြောင်း မီးသတ်ဌာနမှ တာဝန်ခံအကြီးအကဲတစ်ဦးက ပြောကြားသည်။

ထိုမြို့စွန်ရပ်ကွက်တွင် နေထိုင်သူများစွာသည် ခြေတံရှည်အိမ်များ တည်ဆောက်နေထိုင်ကြသည်။ ယခုမီးလောင်မှုကြောင့် အိမ်ရာမဲ့ဖြစ်သွားရသဖြင့် ၎င်းမီး ဘေးသင့်ဒုက္ခသည်များကို အနီးအနားရှိ အားကစားရုံများတွင် နေရာချထားပေးရကြောင်း သတင်းတွင်ဖော်ပြသည်။

မီးလောင်မှုအတွင်းသေဆုံးသူမရှိသော်လည်း လူသုံးဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြသဖြင့် ဆေးရုံတင်ပို့ပေးထားရသည်။ **(အင်တာနက်)**

ပေ ၈၀ နီးပါးအမြင့်ရှိ ရေလှိုင်းစီးပြနိုင်သူ ကမ္ဘာ့အမြင့်ဆုံး ရေလှိုင်းစီးသူအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်

ဟာဝိုင်ယီ မေ ၁၂

ကမ္ဘာ့ဂင်းနက်စ်စံချိန်မှတ်တမ်းတွင် အမြင့်ဆုံးသော ရေလှိုင်းစီးသူအဖြစ် အသက် ၄၄ နှစ်အရွယ်ရှိ ဟာဝိုင်ယီ ရေလှိုင်းစီးသမားတစ်ဦးကို မှတ်တမ်းတင်ကြောင်း မေ ၁၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(ဝဲပုံ)**

ဂါရတ်မတ်နာမာရာအမည်ရှိ ဟာဝိုင်ယီရေလှိုင်းစီးသမားသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ပေါ်တူဂီကမ်းခြေတွင် လှိုင်းအမြင့်ပေ ၇၈ ပေရှိသည့် လှိုင်းလုံးကြီးစီးခဲ့ကာ ၂၀၀၈ ခုနှစ်က စံချိန်တင်ထားသည်ထက် တစ်ပေပိုမြင့်ခဲ့ပြီး ဂင်းနက်စ်စံချိန်ချိုးလိုက်နိုင်ခြင်းဖြစ်သည်။

နာမာရာသည် အသက် ၁၁ နှစ်အရွယ်ကစတင် ရေလှိုင်းစီးခဲ့ခြင်းဖြစ်ပြီး ခြောက်နှစ်အတွင်း ကျွမ်းကျင်အဆင့် ရေလှိုင်းစီးသမားဖြစ်လာခဲ့သူဖြစ်သည်။

လှိုင်းများမြင့်မားစွာ ဖြစ်ပေါ်နေသည့် ပေါ်တူဂီကမ်းခြေတွင် နာမာရာက သူငယ်ချင်းတစ်ဦးနှင့်အတူ ရှိနေခဲ့ကြောင်း၊ အစတွင် ရေလှိုင်းစီးဖို့ ဆန္ဒမရှိခဲ့သော်လည်း သူငယ်ချင်းဖြစ်သူ တိုက်တွန်းသဖြင့် ရေလှိုင်းစီးချိန်တွင် ကမ်းခြေရှိလူများစွာက အားပေးကြည့်ရှုပြီး ဗီဒီယိုနှင့် ဓာတ်ပုံများ ရိုက်ထားခဲ့ကြရာ မိမိရေလှိုင်းစီးသည်ကို မှတ်တမ်းတင်ထားနိုင်ခြင်းဖြစ်ကြောင်း နာမာရာက ပြောကြားသည်။ ထိုမှတ်တမ်းဓာတ်ပုံများကို ရေလှိုင်းစီး အားကစားရေးရာကျွမ်းကျင်သူထံပေးပို့၍ အကဲဖြတ်စေခဲ့ရာ ယခင်စံချိန်တင်ထားသည်ထက် ကျော်လွန်ကြောင်း ရှုထောင့်မျိုးစုံမှ အကဲဖြတ်ပြီး ဆုံးဖြတ်ပေးခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက နာမာရာသည် သူ၏အသက်စွန့် စွမ်းဆောင်နိုင်မှုကြောင့် ကယ်လီဖိုးနီးယားတွင် ချီးမြှင့်သည့် ကမ္ဘာ့ရေလှိုင်းစီးသမားဆုကိုရရှိပြီး ဆုကြေးအမေရိကန်ဒေါ်လာ ၁၅၀၀၀ ကို ဆွတ်ခူးနိုင်ခဲ့သည်။ "ယခုလို လှိုင်းထိပ်လှိုင်းဖျားအမြင့်ကြီးမှာ အသက်မငဲ့ဘဲ ရေလှိုင်းစီးဖို့ရာ ကျွန်တော့်အတွက် နောက်တစ်ကြိမ်ဆိုတာ မကျိန်းသေတော့ပါဘူး" ဟု နာမာရာ၏ ပြောစကားကို ဗြိတိန်ဂါးဒီးယန်းသတင်းစာတွင် ဖော်ပြခဲ့သည်။ **(အင်တာနက်)**

ကတ်ရှ်မီးယားဒေသ၌ ကလေးငါးမြွှာပူးမွေးဖွား

ဆရီနာဂါ မေ ၁၂

အိန္ဒိယထိန်းချုပ်ခံ ကတ်ရှ်မီးယားဒေသရှိ ဆေးရုံတစ်ရုံတွင် ကတ်ရှ်မီးယား အမျိုးသမီးတစ်ဦး ကလေးငါးမြွှာပူး အောင်မြင်စွာမွေးဖွားနိုင်ခဲ့ကြောင်း မေ ၁၁ ရက်၌ တာဝန်ရှိသူများက ပြောကြားသည်။

ကတ်ရှ်မီးယားဒေသရှိ နွေဦးမြို့တော် ဆရီနာဂါမြို့ရှိ ကိုယ်ဝန်ဆောင်အထူးဆေးရုံဖြစ်သည့် လာဒက်မီးယပ်နှင့် သားဖွားဆေးရုံကြီးတွင် မေ ၁၀ ရက်က ကလေးငါးမြွှာပူး မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆရီနာဂါမြို့ရှိ ယင်းဆေးရုံကြီးတွင် ငါးမြွှာပူးကလေးမွေးဖွားကြောင်း၊ မိခင်ရောကလေးများပါ ကျန်းမာရေးကောင်းမွန်စွာရှိကြောင်း အစိုးရဆေးပညာကောလိပ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာ အက်ဒူဟာမစ်ဒ်က ပြောကြားသည်။

*ယခုမွေးဖွားသည့် ကလေးငါးမြွှာပူးတွင် သုံးဦးမှာ ယောက်ျားလေးများဖြစ်ပြီး ကျန်ကလေးငယ်နှစ်ဦးမှာ မိန်းကလေးများဖြစ်သည်။ ကလေးငယ်လေးဦးမှာ ပေါင်ပြည့်မီသည့်ကလေးငယ်များဖြစ်ကြရာ ကိုယ်အလေးချိန် ၂ ကီလိုဂရမ်စီရှိကြပြီး ကျန်ကလေးငယ်လေးတစ်ဦးမှာ ပေါင်မပြည့်သဖြင့် ဆေးဝါးကုသမှုပေးရလျက်ရှိသည်။ **(ယာပုံ)***

*ဘတ်ဒ်ဂမ်းခရိုင်အတွင်းရှိ ကျေးရွာတစ်ရွာမှ လာရောက်ဆေးရုံတက်သည့် ငါးမြွှာပူးကလေးများ၏မိခင် အဖာရိုဇာဘီဂမ် ကလေးမွေးဖွားမှုတွင် ဒေါက်တာ အက်ဒူဟာမစ်ဒ် ဦးဆောင်သည့် ဆရာဝန်အဖွဲ့က မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။ ကတ်ရှ်မီးယားဒေသတွင်း၌ ကလေးငါးမြွှာပူးမွေးဖွားခြင်းသည် ရှားတောင့်ရှားပါးဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားသည်။ **(အင်တာနက်)***

နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို ဆောင်ရွက်ပေးမည် ငြိမ်းချမ်းရေးကို သံသယဖြင့်အထင်အမြင်လွဲမှားစေမည့် အပြုအမူ၊ အပြောအဆို၊ လုပ်ဆောင်ချက်များ မပြုလုပ်ရန် အလေးထား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး မိုင်းလားမြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးသည် ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရန် မေ ၈ ရက်တွင် လားရှိုးမြို့သို့ ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (လားရှိုး)၌ နည်းပြနှင့် တိုင်းရင်းသားလူငယ်များအား တွေ့ဆုံ၍ ပြည်ထောင်စုတစ်ဝန်းတွင် နေထိုင်ကြသော တိုင်းရင်းသားများအနေဖြင့် နေထိုင်ရာဒေသ/ ဘာသာအယူဝါဒ စသည်တို့တွင် ကွဲပြားခြားနားမှုများ ရှိနိုင်သော်လည်း ဆူကြုံနိမ့်မြင့် ကွာဟချက်နည်းနိုင်သမျှနည်းစေရန် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားလူငယ်များအနေဖြင့် ငယ်ရွယ်စဉ်ကျောင်းပညာကို မဖြစ်မနေသင်ယူကြိုးစားကြရန် လိုအပ်ပါကြောင်း၊ ကြိုးကြိုးစားစား အလုပ်လုပ်နိုင်မှ မိမိတို့၏ ဒေသများကိုအကျိုးပြု၍ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဒေသများ ဖွံ့ဖြိုးတိုးတက်လာမှသာ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းရင်းသားလူငယ်များအနေဖြင့် စည်းကမ်းတကျနေထိုင် လုပ်ဆောင်တတ်စေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲရင့်သန်စေရန်နှင့် နောင်တစ်ချိန် မိမိဒေသ/ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ လားရှိုးမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း အတတ်ပညာသင်ကျောင်း၌ သင်တန်းသားတိုင်းရင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သင်တန်းတွင် သင်ကြားနေသော ပညာရပ်များအနေဖြင့် ခေတ်နှင့်လိုက်လျောညီထွေရှိရေး၊ မိမိတို့၏ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်တန်းဝင်အဆင့် ထုတ်လုပ်နိုင်ရေးနှင့် ဒေသရိုးရာဝတ်စုံများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ချုပ်လုပ်နိုင်ရေး သင်ကြားလေ့ကျင့်ပေးသွားကြရန် မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၉ ရက် မွန်းလွဲပိုင်းတွင် တန့်ယန်းမြို့မှ တစ်ဆင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်ပေးခဲ့သော တာကော်အက်-မိုင်းပတ်-ပန်ဆန်းလမ်းကို ကြည့်ရှု၍ ညနေပိုင်းတွင် 'ဝ' အထူးဒေသ(၂) ပန်ဆန်းမြို့သို့ ရောက်ရှိသည်။

မေ ၁၀ ရက် နံနက်ပိုင်းတွင် ပန်ဆန်းမြို့ တိုးတက်ဖြစ်ထွန်းနေမှုများ၊ အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားနေမှုများနှင့် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် 'ဝ' အထူးဒေသ(၂) တိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချန်းနှင့် အဖွဲ့အားတွေ့ဆုံ၍ ပြည်ထောင်စုအစိုးရနှင့် 'ဝ'အထူးဒေသ(၂)တို့အကြား စစ်မှန်သည့် ငြိမ်းချမ်းရေးရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဖွဲ့အစည်းအနေဖြင့်လည်း ငြိမ်းချမ်းရေးကို သံသယဖြင့် အထင်အမြင်လွဲမှားစေမည့် အပြုအမူ၊ အပြောအဆို၊ လုပ်ဆောင်ချက်များ မပြုလုပ်ရန် အလေးထားရမည် ဖြစ်ပါကြောင်း၊ ပန်ဆန်းမြို့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ထားမှုများကို လေ့လာတွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ 'ဝ' ဒေသအတွင်းရှိ ဟိုပန်-နမ့်တစ်လမ်း၊ ဟိုပန်- မိုင်းမော- ပန်ဆန်းလမ်းနှင့် ပန်ဆန်း-မက်မန်းလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို 'ဝ'အထူးဒေသ(၂)နှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အလားတူနယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအကူအညီများရရှိရေး ညှိနှိုင်းပေါင်းစပ်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ယခုခရီးစဉ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုပီပြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် 'ဝ' ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးရန် လာခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ 'ဝ' တိုင်းရင်းသားခေါင်းဆောင်များနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဒေသ၏ လိုအပ်ချက်များအပေါ် ပြန်လည်ရှင်းလင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ 'ဝ'ဒေသအနေဖြင့်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်နှင့်ပိုမိုပူးပေါင်း ဆောင်ရွက်သွားရေးတို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် 'ဝ' ဒေသအတွင်းရှိ ဟိုပန်-နမ့်တစ်လမ်း ကျောက်ခင်းခြင်းဆောင်ရွက်ရန် ကြိုတင်ငွေ ၅၀ ရာခိုင်နှုန်းအတွက် ငွေကျပ်သိန်း ၁၂၀၊ ဟိုပန်-မိုင်းမော-ပန်ဆန်းလမ်း ကျောက်ခင်းခြင်း ဆောင်ရွက်ရန် ကြိုတင်ငွေ ၅၀ ရာခိုင်နှုန်းအတွက် ငွေကျပ် ၃၁၃၅ သိန်း၊ ပန်ဆန်း-မက်မန်းလမ်း ကျောက်ခင်းခြင်း ဆောင်ရွက်ရန် ကြိုတင်ငွေ ၅၀ ရာခိုင်နှုန်းအတွက် ငွေကျပ်သိန်း ၇၂၀၊ လစဉ်ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ နှင့် လစဉ်ထောက်ပံ့မည့် ဆန်အိတ် ၂၀၀၀ အတွက် ကျသင့်ငွေ ကျပ်သိန်း ၄၂၀ စုစုပေါင်း ငွေကျပ် ၄၄၉၅ သိန်း ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပန်ဆန်းမြို့မှ မိုင်းလားသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ရော်ဘာစိုက်ခင်းများ၊ လက်ဖက်စိုက်ခင်းများကိုကြည့်ရှုသည်။ 'ဝ' ဒေသတွင် ရော်ဘာဧက ၂၀၀၀၀၀၊ လက်ဖက်ဧက ၁၄၀၀၀၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

မေ ၁၁ ရက် နံနက်ပိုင်းတွင် မိုင်းလားမြို့ တိုးတက်ဖြစ်ထွန်းနေမှုနှင့် ရှမ်းအရှေ့အထူးဒေသ(၄) ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်တို့ကို ကြည့်ရှု၍ ပြတိုက်အား အဆင့်မြှင့်တင်ရေး၊ ပြတိုက်အတွင်းရှိ စာရင်းဇယား အချက်အလက်များ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီစေရေးပြင်ဆင်ထားရှိရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မိုင်းလားမြို့ ပြည်သူ့ဆေးရုံကို ကြည့်ရှု၍ လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။ အဆိုပါ မိုင်းလားမြို့ ပြည်သူ့ဆေးရုံ အဆောက်အအုံသည် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျခံဆောက်လုပ်ပေးခဲ့သော ဆေးရုံဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် မိုင်းလားအထူးဒေသ(၄) ဌာနချုပ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဒေသ၏လိုအပ်ချက်များကို မိုင်းလားအထူးဒေသ(၄)မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးစံပေ့၊ ဦးစံလူ၊ ဦးထွန်းလင်း ဦးဆောင်သောအဖွဲ့များက ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပြန်လည်ရှင်းလင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယခုခရီးစဉ်သည် နိုင်ငံတော်နှင့် မိုင်းလားအထူးဒေသ(၄) အဖွဲ့အစည်းတို့အကြား ရှိနှင့်ပြီးဖြစ်သော ငြိမ်းချမ်းရေးပိုမိုခိုင်မြဲတိုးတက်စေရေးအတွက် ထိတွေ့ဆက်ဆံရန်နှင့် ဒေသ၏တိုးတက်မှုအရှိန်အဟုန်ကို ပိုမိုဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးကို သံသယဖြင့်အထင်အမြင် လွဲမှားစေမည့် အပြုအမူအပြောအဆို၊ လုပ်ဆောင်ချက်များမပြုလုပ်ရန် အလေးထားရမည်ဖြစ်ပါကြောင်း၊နိုင်ငံတော်အနေဖြင့်နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကဏ္ဍများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် နိုင်ငံတကာအကူအညီများ ရရှိရေးညှိနှိုင်းပေါင်းစပ်ပေးသွားမည် ဖြစ်ပါကြောင်း အသေးစိတ်ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လစဉ်ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ နှင့် လစဉ်ထောက်ပံ့မည့် ဆန်အိတ် ၁၀၀၀ အတွက် ကျသင့်ငွေကျပ် သိန်း ၂၁၀ စုစုပေါင်း ငွေကျပ်သိန်း ၃၁၀ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိုင်းလားအထူးဒေသ(၄)၏ စိုက်ပျိုးရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုသည်။ မိုင်းလားအထူးဒေသ (၄)တွင် ရော်ဘာဧက ၁၆၀၀၀၀၊ လက်ဖက်ဧက ၁၀၀၀၀၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်းနှင့် ရော်ဘာအစေးခြစ်လုပ်ငန်းတွင် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၆၀၀၀၀ ကျော်ရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ ၂၀၁၂ အထိမ်းအမှတ် ကျင်းပ

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ ၂၀၁၂ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပင်မခန်းမ ဆောင်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် **(အောက်ပုံ)**က မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဝင်များအနေဖြင့် သူနာပြုစုမှုပညာ အရည်အချင်း ကိုယ်ရည်ကိုယ်သွေးများ၊ကိုယ်ပိုင်စွမ်းအားများ မြင့်မားရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်၊ ပြည်သူ့ကျန်းမာရေး အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို မိမိတို့သူနာပြုသားဖွားများ၏ အမျိုးသားရေး တာဝန်များအဖြစ် ယုံကြည်ခံယူပြီး တာဝန်သိသိ ကြိုးပမ်းမြှင့်တင်သွားကြရန်၊ အသင်းရေရှည်တည်တံ့ခိုင်မြဲအောင်၊ ရည်ရွယ်ချက်များ အောင်မြင်အောင် အသင်းဝင် သူနာပြုသားဖွား၊ ကျန်းမာရေးဆရာမများအားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဒုတိယဥက္ကဋ္ဌ (၂) ပါမောက္ခ ဒေါ်ရင်မြက "Closing the gap: From Evidence to Action" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က "အရည်အသွေးပြည့်ဝသော သူနာပြုစုခြင်းနှင့် ပြည်သူများ၏ မျှော်လင့်ချက်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကြသည်။ ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှက ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

သတ်မှတ်

ဖလောရင့်နိုက်တင်ဂေးလ်၏ မွေးနေ့ဖြစ်သည့် မေ ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အဖြစ် အပြည်ပြည်ဆိုင်ရာသူနာပြုကောင်စီက သတ်မှတ်ကာ နှစ်စဉ်နှစ်တိုင်းကမ္ဘာပေါ်ရှိ ကောင်စီဝင်သူနာပြုအဖွဲ့အစည်းများနှင့် သူနာပြုအသင်းများက အထိမ်းအမှတ်အခမ်းအနားကို ကျင်းပကြကြောင်းသိရသည်။

(သတင်းစဉ်)

တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲစတင်ကျင်းပ

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (2012 President Cup Junior Tennis Tournament) လူငယ်တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (Tennis Federation of Myanmar) ဥက္ကဋ္ဌ ဦးအောင်မော်သိန်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အမျိုးသား ၁၀ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ခုနစ်ဦး၊ ၁၂ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၂၁ ဦး၊ အမျိုးသမီး ၁၂ နှစ်အောက်တစ်ဦးချင်းပြိုင်ပွဲ၌ ရှစ်ဦး၊ အမျိုးသား ၁၄နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၃၀၊ အမျိုးသမီး ၁၄ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ကိုးဦး၊ အမျိုးသား ၁၆ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၂၂ ဦး၊ ၁၆ နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ခုနစ်ဦး၊ အမျိုးသား ၁၈ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၁၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ယင်းပြိုင်ပွဲတွင် (Tournament Director)အဖြစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးထွန်းငွေကလည်းကောင်း၊ (Referee) အဖြစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နည်းပြ ဦးမျိုးလွင်ဦးကလည်းကောင်း တာဝန်ယူဆောင်ရွက်ကြသည်။ ပြိုင်ပွဲ၏ ပထမနေ့ပြိုင်ပွဲတွင် ၂၈ ပွဲကျင်းပပြီးစီးခဲ့သည်။

ပြိုင်ပွဲကို မေ ၁၃ ရက်နံနက် ၈ နာရီခွဲတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် ညနေပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံတွင် ပထမဆုံးတီထွင်ထုတ်လုပ်သည့် မြန်မာစာလက်ရေးမှုစနစ်ကျောက်သင်ပုန်းပြသ

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ကိုဌေး

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံအတွင်း၌ စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာသည့်အချိန်တွင် ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်များ၏ ဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ၌ ခေတ်မီဆက်သွယ်ရေးနည်းပညာများ စဉ်ဆက်မပြတ်တိုးတက်လာစေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံတွင် ပထမဆုံးတီထွင်ထုတ်လုပ်သည့် မြန်မာစာလက်ရေးမှုစနစ်သုံးကျောက်သင်ပုန်းနှင့် ဘဏ်သုံးစက်ပစ္စည်းများပြသပွဲကို ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါပြပွဲတွင် စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးဖြစ်သည့် unicode font စနစ်ဖြင့် ကွန်ပျူတာဖြင့်တွဲဖက်ကာ အသုံးပြုရသော မြန်မာစာလက်ရေးမှု ကျောက်သင်ပုန်းမှာ မြန်မာပြည်သူများအတွက် အလွန်အသုံးတည့်စေမည့် နည်းပညာသုံးပစ္စည်းသစ်တစ်မျိုးဖြစ်သလို အကျိုးပြုစေမည့်ပစ္စည်းတစ်မျိုးလည်းဖြစ်သည်။ မြန်မာလက်ရေးမှုစနစ်ကျောက်သင်ပုန်းမှာ မိမိကိုယ်မိမိ အလိုအလျောက်လေ့လာသင်ကြားမှုပြုနိုင်ရန်အတွက် စက်ရုပ်ပညာဖြင့် တီထွင်ထားသော ပစ္စည်းဖြစ်သည်။ မိမိ၏လုပ်ငန်းခွင်နှင့် မြန်မာစာဖြင့်ရုံးလုပ်ငန်းသုံးစာများ စာပေးစာယူပြုလုပ်ရာတွင်လည်း အလွန်အထောက်အကူဖြစ်စေသည်။ ၎င်းအပြင် တစ်ဦးနှင့်တစ်ဦးဆက်သွယ်ရာတွင် စက္ကူပေါ်၌စာရေးပြသကဲ့သို့လည်း သုံးစွဲနိုင်သည်။ ဤကျောက်သင်ပုန်းမှာ ကွန်ပျူတာရိုက်ရာတွင် မြန်မာစာလက်ကွက်များကို ကျွမ်းကျင်စွာအသုံးမပြုနိုင်သူများအတွက် အလွန်အသုံးတည့်တန်ဖိုးရှိသောနည်းပညာပစ္စည်းသစ် တစ်မျိုးဖြစ်သည်။

အဆိုပါ ပထမဆုံးတီထွင်သော မြန်မာစာလက်ရေးမှုစနစ်ကျောက်သင်ပုန်းနှင့် ဘဏ်လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ငွေထုပ်ပိုးစက်၊ နိုင်ငံခြားငွေအတုအစစ် ခွဲစက်၊ ငွေရေတွက်စက်၊ ငွေရေတွက်စစ်ဆေးစက်၊ နိုင်ငံခြားငွေစစ်စက်များကို ရောင်းချရာတွင် ကုမ္ပဏီလီမိတက် ဖုန်း-၀၁-၂၄၁၂၈၇ နှင့် ၀၁-၂၄၆၀၆၇ က ပြသပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဖက်ဒဲရားအကြိုဗိုလ်လုပွဲတက်



မက်ဒရစ် မေ ၁၂

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင်ကျင်းပလျက်ရှိသော မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်ကို မေ ၁၂ ရက်က ကျင်းပရာ ရော်ဂျာဖက်ဒဲရားက ဒေးဗစ်ဖာရာ အား အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတက်ရောက်သွားပြီဖြစ်သည်။

ရော်ဂျာဖက်ဒဲရား **(ယာပုံ)**သည် စပိန်တင်းနစ်သမား ဒေးဗစ်ဖာရာအား ၆-၄၊ ၆-၄ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲအဖြစ် အာဂျင်တီးနားတင်းနစ်သမား ပိုတရိုက ယူကရိန်းမှ ဒိုလ်ဂိုပိုလော့ဗ်အား ၆-၁၊ ၆-၄ ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲတက်ရောက်သွားသည်။

နောက်ထပ်ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဆားဘီးယားတင်းနစ်သမား တီဆာရီဗစ်က ပြိုင်ဘက်ဆားဘီးယားတင်းနစ်သမား ဂျိုကိုဗစ်အား ၇-၆(၇-၂)၊ ၆-၃ ဖြင့် နိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။

ထို့အတူ ချက်တင်းနစ်သမား တိုမက်စ်ဘာဒက်ချ်က စပိန်တင်းနစ်သမား ဗာဒါစကိုအား ၆-၁၊ ၆-၂ ဖြင့် နိုင်ပွဲရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ **(အင်တာနက်)**

ဒိုဟာဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ ၌ ဂျက်စတင်းဂတ်လင်းဗိုလ်စွဲ



ဒိုဟာ မေ ၁၂

*နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူးပြီး ကာတာနိုင်ငံဒိုဟာမြို့၌ မေ ၁၂ ရက်က ကျင်းပသည့် ဒိုဟာဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ အမေရိကန်အပြေးသမား ဂျက်စတင်းဂတ်လင်းက ၉ ဒသမ ၈၇ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ **(ဝဲပုံ)***

ဂျက်စတင်းဂတ်လင်းသည် ဂျမေကာအပြေးသမား အဆာဖာပိုဝဲလ်နှင့် အကြိတ်အနယ်ပြိုင်ပြေးကာ ပန်းအဝင်၌ နှာတစ်ဖျားအသာဖြင့် ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ဂျမေကာအပြေးသမားပိုဝဲလ်က ၉ ဒသမ ၈၈ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။

တစ်ဖန် ဂျမေကာအပြေးသမား နောက်ထပ် တစ်ဦးဖြစ်သည့် ကလက်ကီက ၉ ဒသမ ၉၉ စက္ကန့် ဖြင့် တတိယနေရာမှ ပန်းဝင်ခဲ့သည်။

အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် အမေရိကန်အပြေးသမား ဝေါလ်တာဒစ်က ၂၀ ဒသမ ၀၂ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ ထို့အတူ နယ်သာလန်အပြေးသမား မာတီနာက ၂၀ ဒသမ ၂၆ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ပြီး နော်ဝေအပြေးသမား ဆိုင်ဒီ ဒူရီက ၂၀ ဒသမ ၃၄ စက္ကန့်ဖြင့် တတိယနေရာမှ ပန်းဝင်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် အမေရိကန်မှ အပြေးသမား မာတစ်က ၄၄ ဒသမ ၁၉ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ ဒိုမီနီကန်အပြေးသမား ဆန်တိုစ်က ၄၄ ဒသမ ၈၈ စက္ကန့်ဖြင့် ဒုတိယ ရရှိကာ အမေရိကန်အပြေးသမား တေလာက ၄၄ ဒသမ ၉၇ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ကင်ညာအပြေးသမား ဒေးဗစ်ရူဒီရှားက ၁ မိနစ် ၄၃ ဒသမ ၁၀ စက္ကန့်ဖြင့် ပထမရရှိသည်။ ကင်ညာ အပြေးသမား ကင်ယာက ၁ မိနစ် ၄၃ ဒသမ ၇၆ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ကာ ဗြိတိန်အပြေးသမား အိုဆာ ဂီက ၁ မိနစ် ၄၄ ဒသမ ၆၄ စက္ကန့်ဖြင့် တတိယ ရရှိခဲ့သည်။

အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ကင်ညာအပြေးသမား ကီပလာဂတ် က ၃ မိနစ် ၂၉ ဒသမ ၆၃ စက္ကန့်ဖြင့် ပထမ၊ ကင်ညာအပြေးသမား ကီပရော့ပ်က ၃ မိနစ် ၂၉ ဒသမ ၇၈ စက္ကန့်ဖြင့် ဒုတိယရရှိကာ ကင်ညာအပြေးသမား ဘာဂင်က ၃ မိနစ် ၃၁ ဒသမ ၁၇ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ ***(အင်တာနက်)***

၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက် ရော်နယ်ဒင်ဟိုမပါသည့် ဘရာဇီးကစားသမားစာရင်းထုတ်ပြန်

ရီယိုဒီဂျနေးရိုး မေ ၁၂

၂၀၁၂ လန်ဒန်အိုလံပစ်အကြို ခြေစမ်းပွဲများအတွက် ဘရာဇီးဘောလုံး အသင်းကစားသမား ၂၃ ဦးစာရင်းကို မေ ၁၂ ရက်က ထုတ်ပြန်လိုက်ရာ ကမ္ဘာကျော်ဘောလုံးသမား ရော်နယ်ဒင် ဟို မပါဝင်ကြောင်း၊ ထို့ကြောင့် ဘရာဇီး ဘောလုံးအသင်းမှ အနားယူတော့မည် ဖြစ်ကြောင်း ရော်နယ်ဒင်ဟို **(ယာပုံ)**က ပြောကြားသည်။



ဖယ်ရှားခဲ့

ကမ္ဘာ့အကောင်းဆုံး ဘောလုံး သမားဆုနှစ်ကြိမ် ဆွတ်ခူးရရှိထားသည့် အသက် ၃၂ နှစ်အရွယ်ရှိ ရော်နယ်ဒင် ဟိုအား ဘရာဇီးဘောလုံးအဖွဲ့ချုပ်နှင့် နည်းပြတို့က ကြံ့ခိုင်မှုမရှိဟူသော အကြောင်းပြချက်ဖြင့် အမည်စာရင်း ဖယ်ရှားခဲ့ခြင်းဖြစ်သည်။

ဘရာဇီးဘောလုံးအသင်းသည် ၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပွဲအကြိုအဖြစ် အာဂျင်တီးနား၊ မက္ကဆီကို၊ အမေရိကန်နှင့် ဒိန်းမတ်အသင်းတို့ဖြင့် ချစ်ကြည်ရေးဘောလုံးပွဲများကစားရန် စီစဉ်ထားသည်။

ဘရာဇီးဘောလုံးအသင်းအတွက် ယခုရွေးချယ်ထားသော ဘောလုံးသမားများမှ အခြေခံကာ ၂၀၁၂ အိုလံပစ်အားကစားပွဲအတွက် လူရွေးချယ်ရန် စီစဉ်ထားသည်။

ထည့်သွင်းထား

သို့သော် ဘရာဇီးဘောလုံးအသင်းနည်းပြ မီနီဇက်စ်က ရော်နယ်ဒင်ဟိုအနေဖြင့် ကစားလိုသော ဆန္ဒပြင်းပြနေပါက မိမိတို့ပြန်လည်ထည့်သွင်းရန် အစီအစဉ်ရှိကြောင်း ပြောကြားသည်။ အေစီမီလန်အသင်း တိုက်စစ်မှူး ပါတိုသည်လည်း လောလောဆယ် ဒဏ်ရာရရှိနေရာ ယခုထုတ်ပြန်သောလူစာရင်းတွင် ထည့်သွင်းထားကြောင်း ၎င်းက ပြောကြားသည်။

ယခုထုတ်ပြန်လိုက်သော ကစားသမားစာရင်းတွင် ဂိုး-ဂျက်ဖာဆင်၊ နေတို၊ ရာဖေးလ်။ **နောက်တန်း**-အဲလ်ဗက်စ်၊ မာစီလို၊ ဒါနီလို၊ ဆန်ဒရို၊ တီယာဂိုဆီးလ်ဗား၊ ဒေးဗစ်လုဇ်၊ အူဗီနီ၊ ဂျွန်တို့ဖြစ်ပြီး **ကွင်းလယ်**-ကာဆီမီရို၊ လူကတ်စ်၊ ဆန်ဒရို၊ ရိုမူလို၊ ဂန်ဆို၊ အော်စကာ၊ ရူလီရာနိုတို့ဖြစ်ကာ **ရှေ့တန်း**-ဟုပ်ခ်၊ ဒါမီ ရာအို၊ နေမာ၊ ဝယ်လင်တန်နမ်နှင့် ပါတိုတို့ ဖြစ်ကြသည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားမြင်ကွင်း

မြင့်မောင်စိုး – စုစည်းသည်

နယူးကာဆယ်နည်းပြ တစ်နှစ်တာအကောင်းဆုံးဆုရ

လန်ဒန် မေ ၁၂

နယူးကာဆယ်အသင်းနည်းပြ အလန်ပါဒူး **(ယာပုံ)**အား ယခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီအတွက် အကောင်းဆုံးနည်းပြဆုချီးမြှင့်လိုက်ပါတယ်။ မန်စီးတီး အသင်းရဲ့ အသင်းခေါင်းဆောင် ဗင်ဆင့်ကွန်ပါနီကိုတော့ အကောင်းဆုံးအားကစား သမားဆု ချီးမြှင့်လိုက်ပါတယ်။

ရရှိသွားနိုင်

နယူးကာဆယ်အသင်းဟာ ယခုနှစ်ရာသီမှာ အမှတ်ပေးဇယားပဥ္စမနေရာမှာ ရောက်ရှိနေပါတယ်။ လာမယ့်တနင်္ဂနွေနေ့မှာ အဲဗာတန်နဲ့ကစားရမှာပါ။ ဒီပွဲမှာ နယူးကာဆယ်တို့ အနိုင်ရသွားမယ်ဆိုရင် လာမယ့်နှစ်ချန်ပီယံလိဂ်ဖလားပြိုင်ပွဲဝင်ခွင့် နေရာရရှိသွားနိုင်ပါတယ်။

မန်စီးတီးကစားသမား ကွန်ပါနီဟာလည်း မန်စီးတီးအသင်းကို ဖလားဆွတ်ခူးပေးဖို့ အသင့်အနေအထားဖြစ်နေပါပြီ။ ၁၉၆၈ ခုနှစ်နောက်ပိုင်း မန်စီးတီးတို့ ပထမဆုံး ပရီမီယာလိဂ်ဖလားဆွတ်ခူးတော့မယ်လို့ ဆိုပါတယ်။ (ယနေ့) တနင်္ဂနွေနေ့ညပိုင်းမှာ မန်စီးတီးက ကျူပီအာအသင်းကို နောက်ဆုံးပွဲအဖြစ် လက်ခံကစားရမှာဖြစ်ပါ တယ်။

နယူးကာဆယ်အသင်းဟာ ချယ်လ်ဆီးနဲ့ လီဗာပူးတို့ကိုတော့ ကျော်တက်နိုင်ခဲ့ပါပြီ။ အာဆင်နယ်နဲ့ စပါးကို ကျော်တက်နိုင်ဖို့ နောက်ဆုံးနေ့ပြိုင်ပွဲမှာ အဖြေထွက်မှာ ဖြစ်ပါတယ်။ အကယ်၍ နယူးကာဆယ်တို့ တတိယနေရာရမယ်ဆိုရင် လာမယ့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အလိုအလျောက် ဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။ **(အင်တာနက်)**

ဖလားရနိုင်သည့် အခွင့်အလမ်း မန်ယူ၌ ရှိနေဆဲဟုဆို

လန်ဒန် မေ ၁၂

မန်ယူအသင်းဟာ ဖလားဆွတ်ခူးဖို့အခွင့်အလမ်းရှိနေဆဲဖြစ်ကြောင်း မန်ယူ အသင်း နောက်တန်းကစားသမား အီဗရာက ပြောကြားလိုက်ပါတယ်။

မန်ယူနဲ့မန်စီးတီးတို့ရဲ့ဖလားတိုက်ပွဲဟာ မေ ၁၃ရက်(ယနေ့)ညမှာကစားမယ့် နောက်ဆုံးနေ့အထိ ပြိုင်ဆိုင်မှုပြင်းထန်နေပါတယ်။ မန်စီးတီးက ကျူပီအာကို သရေ သို့မဟုတ် ရှုံးမယ်ဆိုရင် မန်ယူဖလားရသွားနိုင်တယ်လို့လည်း အီဗရာက ဆိုပါတယ်။ အဲဒီဆုမှာပဲ မန်ယူက ဆန်းဒါးလန်းအိမ်ကွင်းသို့ သွားရောက်ကစားရမှာဖြစ်ပါတယ်။

"လူတွေက ကျွန်တော့်ကို အရှုံးလို့ဆိုကြပါတယ်။ ဒါပေမယ့် ကျွန်တော် ကတော့ မန်ယူဖလားရမယ်လို့ ယုံကြည်ထားပါတယ်" လို့လည်း အီဗရာက ပြောပါတယ်။

ကျူပီအာအသင်းဟာ ယခုနှစ်ရာသီမှာ ၁၃ ကြိမ်တိုင် ရှုံးနိမ့်ခဲ့ပါတယ်။ ဒါပေမယ့်လည်း မန်စီးတီးနဲ့ကစားမယ့်ပွဲဟာ သူ့အတွက် အရေးကြီးပါတယ်။ အဖိုး တန်ဆုံးသရေခံကစားနိုင်မယ်ဆိုရင် တန်းဆင်းဇုန်လွတ်မြောက်ရေးအတွက် လိုအပ် နေတဲ့ ရမှတ်တစ်မှတ်ရသွားနိုင်ပါတယ်။ ဒါကြောင့် ဒီညပွဲဟာ ပရီမီယာလိဂ် ဖလားဆွတ်ခူးနိုင်မယ့် အသင်းရဲ့ခြေစွမ်းအမှန်ကို ပရိသတ်တွေရှုစားရမှာ ဖြစ်ပါတယ်။ **(အင်တာနက်)**

မန်ယူနောက်တန်းကစားသမား အီဗရာ

စပါးတောင်ပံကစားသမား ဂါးရက်ဘေးလ်အား ဘာစီလိုနာသို့မရောင်းဟု နည်းပြရက်နက်ပြောကြား

လန်ဒန် မေ ၁၂

စပါးအသင်းက ဂါးရက်ဘေးလ်အား စပိန်ထိပ်သီးကလပ် ဘာစီလိုနာ အသင်းသို့ ပေါင် ၃၂ သန်းဖြင့်ရောင်းချရန်သဘောတူလိုက်ခြင်းအပေါ် စပါးနည်းပြ ဟာရီရက်နက်က ငြင်းဆိုလိုက်သည်။ **(အောက်ပုံ)**

အမြဲတမ်းကစားသမား

ဝေလတောင်ပံကစားသမား ဂါးရက်ဘေးလ်အား ပေါင် ၃၂ သန်း(ယူရို သန်း ၄၀)ဖြင့် ရောင်းချရန် သဘောတူလိုက်ကြောင်း မေ ၁၁ ရက်တွင် စပိန်

မီဒီယာများက ရေးသားဖော်ပြကြသည်။ အသက် ၂၂ ရှိ ဂါးရက်ဘေးလ်သည် စပါးအသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သည်။ စပါးအသင်းအနေဖြင့် ဂါးရက် ဘေးလ်အား ရောင်းချလိုသော်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် အမြဲတမ်း ကစားသမားအဖြစ် ထိန်းထားရမည်ဖြစ်ကြောင်း နည်းပြရက်နက်က ပြောကြားသည်။

ဝင်ခွင့်ရရှိမည်

စပါးအသင်းသည် (ယနေ့) မေ ၁၃ ရက်တွင် ဖူလ်ဟမ်အသင်းကို အနိုင်ကစား နိုင်လျှင် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်နေရာအတွက် စတုတ္ထနေရာမှ ဝင်ခွင့်ရရှိမည် ဖြစ်သည်။

စပါးအသင်းသည် ယနေ့ ပွဲစဉ်အပြီးတွင် အမှတ်ပေးဇယား စတုတ္ထနေရာ ရခဲ့သော်လည်း မေ ၁၉ ရက်တွင် ကစားမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ ချယ်လ်ဆီးက ဘိုင်ယန်မြူးနစ်ကိုနိုင်လျှင် စပါးတို့ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်မည်ဖြစ်သည်။ **(အင်တာနက်)**

13-5 (07).pmd 1 5/13/2012, 1:46 AM

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်နိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တွေ့ဆုံပြီး ကျိုတိုမြို့အတွင်း ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၁၂

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် ကျိုတိုတက္ကသိုလ်သို့ ရောက်ရှိရာ Executive Vice- President နှင့် Research Professor - Mr.Kiyoshi YOSHIKAWA၊ Executive Vice- President Professor Mr.YUZO OHNISHI နှင့် Professor Mr.Koichi Ono တို့က ကျိုတိုတက္ကသိုလ်သည် နိုဗယ်လ်ဆုရှင်များ၊ ထင်ရှားကျော်ကြားသူများအားမွေးထုတ်ပေးရာ တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံမှ ဘွဲ့လွန်သင်တန်းသားနှစ်ဦးနှင့် ဒေါက်တာဘွဲ့အတွက် သင်တန်းသားငါးဦးကို လက်ခံသင်ကြားပေးလျက်ရှိကြောင်း၊ လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲနေမှုများကို မိမိတို့ မြင်တွေ့ကြားသိရပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ကျိုတိုတက္ကသိုလ်မှ တစ်ဖက်တစ်လမ်းက ပူးပေါင်းပါဝင်ဆောင်ရွက်လိုပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ ယခုကဲ့သို့ လာရောက်ခြင်းကို အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ဂျပန်ပြည်သူများက မြန်မာပြည်သူများသည် ဘာသာတရားကို လေးစားကိုင်းရှိုင်းမှုရှိပြီး အလုပ်ကြိုးစားကြသည်ကို သိရှိပါကြောင်း၊ မိမိတို့တက္ကသိုလ်မှ သုတေသနပညာရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံသို့ သွားရောက်၍ သုတေသနစီမံကိန်းများကိုဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျိုတိုတက္ကသိုလ်၏ဆောင်ပုဒ်မှာ "လွတ်လပ်မှုနှင့်တီထွင်မှု" ဖြစ်သည်နှင့်အညီ သုတေသနကို အဓိကထား ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရေးအတွက် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားကြသည်။

စာအုပ်များပေးအပ်

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တက္ကသိုလ်တွင် ဆောင်ရွက်နေသည်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး ပြန်လည်ဆွေးနွေးပြောကြားရာတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရာ၌ စနစ်ပြောင်းလဲမှုမှာ အဓိကအရေးပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်ကို တတ်နိုင်သမျှ သီးခြားစီပိုင်းခြားကျင့်သုံးပြီး အပြန်အလှန် ထိန်းကျောင်းလျက်ရှိကြောင်း၊ မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံ၏စီးပွားရေးမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျိုတိုတက္ကသိုလ်က မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သုတေသနပြု ဆောင်ရွက်နေမှုများကို ကြိုဆိုပါကြောင်း၊ ဂျပန်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးတွင် ပြည်သူအချင်းချင်းချစ်ကြည်ရင်းနှီးမှုသည် အရေးပါလှကြောင်း၊ လွှတ်တော်နှစ်ရပ်အကြား ရင်းနှီးမှုမှတစ်ဆင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိရန် ယခုခရီးစဉ်ကို လာရောက်ခြင်းဖြစ်ကြောင်း ဖြင့်ပြောကြားပြီး သုတေသနလုပ်ငန်းများတွင် အထောက်အကူပြုနိုင်မည့် မြန်မာနိုင်ငံမှထုတ်ဝေသော သမိုင်းဆိုင်ရာ မှတ်တမ်းမှတ်ရာစာအုပ်များကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ကျိုတိုတက္ကသိုလ် အရှေ့တောင်အာရှ သုတေသနဌာနခွဲသို့ရောက်ရှိကြရာ Professor များဖြစ်ကြသည့် Mr.Hiromu Shimizu နှင့် Mr. Koichi Fujita တို့က သုတေသနစီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ကျိုတိုတက္ကသိုလ်မှ သုတေသီပညာရှင်များ၊ မြန်မာနိုင်ငံမှ လာရောက်ပညာသင်ယူနေကြသည့် သင်တန်းသားသုတေသီကျောင်းသား ကျောင်းသူများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ကျိုတိုတက္ကသိုလ်မှ ပါမောက္ခများ၊ မြန်မာနိုင်ငံမှ သင်တန်းသား ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရ၍ ဝမ်းသာပါကြောင်း၊ သုတေသနလုပ်ငန်းသည် တိုးတက်မှုများကို ဖော်ဆောင်မှု၊ အသစ်တွေ့ရှိချက်များကို ဖော်ထုတ်မှုလုပ်ငန်းဖြစ်ကြောင်း၊ သုတေသီတစ်ဦး၏ အသစ်တွေ့ရှိချက်တစ်ခုသည် ကမ္ဘာ့လူသားထုအတွက် အကျိုးရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံရေးတည်ငြိမ်မှုနှင့်အတူ စီးပွားရေးကဏ္ဍတွင် တစ်ရှိန်ထိုးဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ကျိုတိုတက္ကသိုလ်မှ သုတေသီပညာရှင်များအနေဖြင့် မြန်မာကျောင်းသားများကို ထူးချွန်ထက်မြက်သည့် ပညာရှင်များ၊ သုတေသီများအဖြစ် သင်ကြားပေးပါရန် မေတ္တာရပ်ခံလိုကြောင်း၊ မြန်မာကျောင်းသားများအနေဖြင့်လည်း ပညာကို ဇွဲလုံ့လအပြည့်ဖြင့် လေးနက်စွာ သင်ကြားသင်ယူခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ကျိုတိုတက္ကသိုလ်မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များအား ဂျပန်-မြန်မာအသင်းက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ နေ့လယ်စာစားပွဲသို့ ဂျပန်-မြန်မာအသင်း ဥက္ကဋ္ဌ Mr. Koji CHINO နှင့် အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အထွေထွေအတွင်းရေးမှူး ဦးရဲထွန်းတို့လည်း တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် (Tenryuji) ဂျပန်ဗုဒ္ဓဘာသာဘုရားကျောင်းသို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး (Arashiyama) အနီးတစ်ဝိုက်ရှိ သာယာလှပသော သဘာဝပတ်ဝန်းကျင်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ (Kinkaku-Ji) ရွှေဘုရားကျောင်းသို့ ရောက်ရှိပြီး ရွှေဘုရားကျောင်းတော်ကို ကြည့်ရှုလေ့လာကြသည်။

လာရောက်တွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ဂျပန်နိုင်ငံ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr.Otsuji က ညနေ ၅ နာရီခွဲတွင် ကျိုတိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဂျပန်နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံလွှတ်တော်ရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များအား ဂျပန်နိုင်ငံအထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Otsuji က ကျိုတိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကျိုတိုတက္ကသိုလ် သုတေသနလုပ်ငန်းများတွင် အထောက်အကူပြုနိုင်မည့် မြန်မာနိုင်ငံမှထုတ်ဝေသော သမိုင်းဆိုင်ရာ မှတ်တမ်းမှတ်ရာ စာအုပ်များကို တာဝန်ရှိသူထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု (နည်းပြ)သင်တန်းဖွင့်လှစ်မည်

နေပြည်တော် မေ ၁၂

ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်းနှင့် ဝါးခယ်မမြို့ ရွာလယ်ကျောင်းသစ် အကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသော ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု (နည်းပြ) သင်တန်းကို ဝါးခယ်မမြို့ ရွာလယ်ကျောင်းသစ် ပရိယတ္တိစာသင်တိုက်၌ မေ ၁၅ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာများနှင့် သင်ကြားနည်းစနစ်များကို ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်းမှ ဆရာတော်နှင့် ဆရာ ဆရာမများက ဓမ္မဒါနသင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းတွင်လိုအပ်သော စာရွက်စာတမ်းများ၊ နေ့လယ်စာနှင့်ညနေစာတို့ကို အလှူရှင်များက လှူဒါန်းမည်ဖြစ်ကြောင်း၊ သင်တန်းသို့ လက်ရှိသင်ကြားမှုလုပ်ငန်းဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် အသက်(၁၈)နှစ်ပြည့်ပြီးသူ၊ ဘာသာရေးအခြေခံရှိပြီး ယဉ်ကျေးမှုသင်တန်းများတွင် နည်းပြအဖြစ် ပြန်လည်သင်ကြားလိုသူများ တက်ရောက်နိုင်ကြောင်း၊ သင်တန်းတက်ရောက်မည့်သူများသည် မေ ၁၄ ရက် ညနေ ၅ နာရီတွင် ရွာလယ်ကျောင်းသစ် ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိရမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ရန် ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေး(စီ)ရုံ အဆောင်(၄) ပထမထပ် ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄၊ ရွာလယ်ကျောင်းသစ် ဖုန်း-၀၄၂-၆၀၂၅၀တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

◆ ***ကျောဖုံးမှ***

အထိမ်းအမှတ်ဖြစ်သော တိုဒိုင်းဂျိ (Todaiji) ဘုရားကျောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ရှေးဟောင်းသာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။ တိုဒိုင်းဂျိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ခရစ်နှစ် (၇၄၉)ခုနှစ်ကတည်ထားပူဇော်ခဲ့ပြီး ဉာဏ်တော်အမြင့်မှာ ၁၅ မီတာရှိသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် Todaiji Nara Park သို့ ရောက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကျိုတိုမြို့ရှိ ခေတ္တတည်းခိုမည့် Kyoto Hotel Okura သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရေး ရွှေပြည်သာမြို့နယ်၌ ပန္နက်တင်

ရန်ကုန် မေ ၁၂

ရွှေပြည်သာမြို့နယ် အမှတ်(၁၈)ရပ်ကွက် ရေပြာလမ်းနှင့် ဒေါ်ဖွားရှင်လမ်းထောင့်ရှိ မြေနေရာတွင် ယနေ့နံနက် ၉ နာရီ ၂၇ မိနစ်က မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖနှင့် ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့တို့ ကျောင်းဆောက်လုပ်ရန်အတွက် မင်္ဂလာပန္နက်တိုင်များစိုက်ထူပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဘဏ္ဍာရေးမှူး ဦးသိန်းကြည်အား အဆောက်အအုံ အုတ်မြစ်ချရန်အတွက် ပထမအရစ်အလှူငွေကျပ် သိန်း ၂၀ ကို ပေးအပ်သည်။ အဆိုပါကျောင်း အဆောက်အအုံကို ပေ(၁၂၀×၃၀) အာရ်စီကွန်ကရစ်၊ သွပ်မိုး ၆ ခန်းတွဲ စာသင်ဆောင်အဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

(၁၆၆)

မုံရွာမြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီစည်းဝေး

မုံရွာ မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် စာရေးဆရာအသင်း၏ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဧပြီ ၂၉ ရက် မွန်းတည့်၁၂ နာရီက မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မုံရွာမြို့နယ်စာရေးဆရာအသင်းကို ဥက္ကဋ္ဌ ဦးဖေသန်း(နေမင်းသန်း)၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင် (ခြိမ့်သဲ)၊ အတွင်းရေးမှူး ဦးခင်မောင်ညို (ဖေသိန်းဦး-မုံရွာ)၊ တွဲဖက်အတွင်းရေးမှူး ဦးသံတိုင်ထွန်း (မျိုးဝင်းထွန်း-မုံရွာ)၊ ဘဏ္ဍာရေးမှူး ဦးအောင်ဗိုလ်ဝင်း (ဗိုလ်-မြန်မာစာ)၊ ကော်မတီဝင်များအဖြစ် ဦးညွန့်လှိုင်ချစ် (ညွန့်လှိုင်ချစ်-ဘုတလင်)နှင့် ဦးသိန်းအောင်ဇော် (ဟိန်းထက်-မုံရွာ) တို့ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပြီး ညီလာခံကိုယ်စားလှယ်များအဖြစ် ဥက္ကဋ္ဌ ဦးဖေသန်း (နေမင်းသန်း)နှင့် အတွင်းရေးမှူး ဦးခင်မောင်ညို (ဖေသိန်းဦး-မုံရွာ)တို့နှစ်ဦးကို ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စာရေးဆရာအသင်း)**

မေ ၁၀ ရက်က မြောက်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်ပွဲကို အဆိုပါရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက ဝန်ထမ်းတစ်ဦးအား ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဂျပန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Mr. YOKOMICHI တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်း-ကျော) (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့ ဂျပန်နိုင်ငံအထက်လွှတ်တော် အစည်းအဝေးခန်းမဆောင်ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်း-ကျော) (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး မွေးသမဝတွေ တိုးချဲ့ပေး

မောင်အောင်(မွေးကု)

"အေး ငါ့တူကြီးတို့လည်း မတွေ့တာကြာပြီ၊ အတော်အလုပ်များနေပုံရတယ်"

အမေ့ရွာသို့ မရောက်တာကြာပြီဖြစ်သော ကျွန်တော့်ကို ဦးကြီးက တွေ့တွေ့ချင်း ပဋိသန္ဓာရပြုလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ် ဦးကြီး၊ ကျွန်တော်တို့ ကျေးရွာတွေဆင်းပြီး မွေးမြူရေးသမဝါယမအသင်းတွေ ဖွဲ့စည်းဖို့ ဆွေးနွေးနေကြလို့ပါ"

"အေး ကောင်းတယ်ကွာ။ တကယ်တော့ ဒို့နိုင်ငံက လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဆိုပေမယ့် တကယ်တမ်းကျတော့ မင်းတို့သိတဲ့အတိုင်း စိုက်ပျိုးရေးက ရာသီသီးနှံကွ။ သူ့ရာသီနဲ့ သူစိုက်ရတာ၊ သီးနှံလည်း သူ့သက်တမ်းနဲ့သူ ဝင်ငွေဖြစ်တာ။ သီးနှံတစ်ခုပေါ်အောင် စောင့်ရတဲ့အချိန်မှာ ဒို့တောင်သူလယ်သမားတွေ ငွေလိုတယ်။ အဲဒီအချိန်မှာ မွေးမြူရေးလေး ဖက်ပြီး လုပ်ထားလိုက်ရင် မွေးမြူရေးက ဝင်ငွေရမယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးဆိုတာ လုပ်သင့်တဲ့ လုပ်ငန်းနှစ်ခုပဲ"။

"ဟုတ်ပါတယ် ဦးကြီး၊ စိုက်ပျိုးရေးက ဘေးထွက်ပစ္စည်းတွေက မွေးမြူရေးတိရစ္ဆာန်တွေအတွက် အစာဖြစ်တယ်။ ယုတ်စွအဆုံး စပါးကထွက်တဲ့ကောက်ရိုး၊ ရိုးပြတ်တွေက ကျွဲ၊ နွားအစာဖြစ်တယ်၊ ပဲရိုး၊ ပဲမှော်တွေအားလုံး နွားကျွေးလို့ရတယ်။ ပဲ၊ နှမ်း၊ ဆီကြိတ်ပြီးယင်၊ ပဲဖတ်၊ နှမ်းဖတ်က တိရစ္ဆာန်တွေအတွက် တန်ဖိုးရှိတဲ့အစာပဲ။ ပြီးတော့ စပါးကြိတ်လို့ထွက်တဲ့ ဆန်ကွဲနဲ့ ဖွဲနုတွေကလည်း တိရစ္ဆာန်အစာအဖြစ် သုံးလို့ရတယ်။ အဲဒီလိုစိုက်ပျိုးရေးကထွက်တဲ့ ဘေးထွက်ပစ္စည်းတွေက အစာဖြစ်သလို တိရစ္ဆာန်တွေရဲ့ အညစ်အကြေး၊ ကျွဲချေး၊ နွားချေး၊ ဝက်ချေး၊ ကြက်ချေးတွေကလည်း စိုက်ပျိုးရေးအတွက် အကောင်းဆုံးမြေဩဇာပဲ၊ အဲဒါကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးက တွဲပြီးလုပ်သင့်တယ်လို့ ပြောတာ"

"အေး မင်းပြောတာမှန်သကွ။ အေး ဒါပေမယ့် တို့ဘာသာ တစ်ဦးချင်းမွေးနေတာ ဟုတ်ရဲ့သားနဲ့ မင်းတို့က ဘာ့ကြောင့် သမဝါယမဖွဲ့ချင်ရတာလဲ။ သမဝါယမဆို ငါတို့က ကြားတောင်မကြားချင်ဘူး။ ဘာတုံး ဟိုတုန်းကပြောခဲ့တာ ရှိတယ်လေ။ သား၀၊ မယား၀ဆိုလား"

ဦးကြီးက မျက်နှာကြီးရှုံ့မဲ့၍ ဆိုလာသည်။

"ဟုတ်ပါတယ်၊ ဦးကြီး သမဝါယမက လုပ်တဲ့စနစ်ကောင်းပါလျက်နဲ့ ကျင့်သုံးအကောင်အထည်ဖော်တဲ့လူတွေမဟုတ်လို့ ဟိုတုန်းက နာမည်ပျက်ခဲ့တာပါ။ တကယ်တော့ သမဝါယမစနစ်ဟာ အလွန်ကောင်းပါတယ်။ လောလောဆယ် ကျွန်တော်တို့လုပ်တာက သမဝါယမသဘောမျိုး အစုအဖွဲ့တွေ စုဖွဲ့တာပါ။ စိတ်တူကိုယ်တူ၊ ဆန္ဒတူသူတွေ၊ ရည်ရွယ်ချက် ခံယူချက်တူသူတွေကို စုဖွဲ့ကြမယ်။ ဒီလိုစုဖွဲ့ခြင်းအားဖြင့် တစ်ဦးချင်း တစ်ယောက်ချင်းထက်ပိုပြီး အင်အားရှိလာမယ်"

"ဆိုလိုတာက လူတစ်ယောက်မှာ နို့စားနွားမနှစ်ကောင်မွေးမယ်။ နို့ငါးပိဿာရမယ်ဆိုလျှင် လူ ၁၀ ယောက်စုဖွဲ့လျှင် နို့စားနွားမ အကောင် ၂၀ ရှိလာပြီး နို့ပိဿာ ၅၀ ရလာမယ်။ ဒီတော့ကုန်ထုတ်လုပ်တဲ့ အစုအဖွဲ့ဖြစ်လာမယ်။ နို့ငါးပိဿာထဲ ရောင်းတယ်၊ ဝယ်တယ်ဆိုလျှင် ဈေးကွက်မရှိဘူး။ နို့ပိဿာ ၅၀ ဆိုလျှင် ဈေးကွက်ရှိလာမယ်။ ဝယ်ချင်တဲ့လူအတွက်လည်း ထိထိမိမိ ဝယ်လို့ရသလို ရောင်းချင်တဲ့လူအတွက်လည်း ပြည့်ပြည့်ဝဝ ဖြစ်လာမယ်။ နောက်တစ်ခါ လုပ်တဲ့လုပ်ငန်းက အတူတူဖြစ်တဲ့အတွက်ကြောင့် နွားနှစ်ကောင်ဆိုလည်း လူတစ်ယောက်ကျောင်းရမယ်။ နွားအကောင် ၂၀ ဆိုလည်း လူတစ်ယောက်ပဲ ကျောင်းရတာကြောင့် လုပ်အားသက်သာမယ်။ ကိုယ်တစ်ယောက်တည်းဆိုလျှင် နို့ငါးပိဿာကိုလည်း လူတစ်ယောက်သွားပြီး ရောင်းရမယ်။ အစုအဖွဲ့စုဖွဲ့ထားလျှင် တစ်ယောက်ချင်းသွားရောင်းစရာမလိုဘဲ တစ်ယောက်က တာဝန်ယူပြီး ရောင်းပေးလို့ရတာကြောင့် လုပ်အားလည်း သက်သာမယ်။ ဒါ့အပြင် ကိုယ့်နွားမကို သားစပ်ချင်လျှင် နွားသိုးတစ်ကောင် မွေးထားရမယ်။ အစုအဖွဲ့ ဖွဲ့ထားလျှင် အစုအဖွဲ့တစ်ဖွဲ့မှာ နွားသိုးတစ်ကောင်ရှိလျှင် လုံလောက်နေပြီ။"

"ဒါတင်မကသေးဘူး ဦးကြီးရဲ့။ ကိုယ့်နွားတွေကာကွယ်ဆေးထိုးချင်တယ်ဆိုလျှင် အစုအဖွဲ့အနေနဲ့ တိရစ္ဆာန်ကု ဆရာဝန်ကို တစ်ကြိမ်တည်းခေါ်လို့ရတယ်။ အစုအဖွဲ့မှာရှိတဲ့ နွားတစ်အုပ်လုံး တစ်ကြိမ်တည်း ဆေးထိုးလို့ရတယ်။ တိရစ္ဆာန်ဆေးကုဆရာဝန်အတွက်လည်း တစ်ကြိမ်တည်းနဲ့ ကောင်ရေများများ ထိုးနိုင်သလို နွားပိုင်ရှင်တွေအတွက်လည်း တိရစ္ဆာန်ဆေးကုဆရာဝန်ခေါ်ရတဲ့စားရိတ် သက်သာတာပေါ့။"

"မင်းပြောတာတော့ ဟုတ်ပါတယ်ကွာ။ ဒါပေမယ့် အစုအဖွဲ့မှာရှိတဲ့ လူတွေက ညီညွတ်ဖို့လိုသကွ။ အဲနောက်ပြီး ဒီပြင်ရော ဘာအကျိုးကျေးဇူးတွေ ရနိုင်သေးလဲ"

ဦးကြီးက တဖြည်းဖြည်း ကျွန်တော့်ဘက်ပါလာသည်။

"ဦးကြီးပြောတာ သိပ်ပြီးမှန်တာပေါ့။ အစုအဖွဲ့မှာရှိတဲ့လူတွေ ညီညွတ်ဖို့၊ ဒါကြောင့် ကျွန်တော်အစကတည်းက ပြောတာပေါ့။ စိတ်တူကိုယ်တူ ရည်ရွယ်ချက်တူသူတွေ၊ ယုံကြည်ချက်တူသူတွေ စုဖွဲ့သင့်တာပါလို့။ နောက်ထပ်ပြီး ရနိုင်တဲ့ အကျိုးကျေးဇူးကတော့ မွေးမြူရေးဘဏ်တို့၊ သမဝါယမဘဏ်တို့ကနေ ငွေချေးချင်ရင် အာမခံပစ္စည်း တင်စရာမလိုဘဲ ဝိုင်းကြီးချုပ်စနစ်နဲ့ ချေးလို့ရတယ်။"

"အေး အဲဒါတော့စိတ်ဝင်စားတယ်ကွ။ ဝိုင်းကြီးချုပ်စနစ်ဆိုတာ ဘာတုံး'

"ဝိုင်းကြီးချုပ်စနစ်ဆိုတာ အစုအဖွဲ့ထဲမှာပါတဲ့ လူအချင်းချင်း ပြန်ပြီးအာမခံရတဲ့စနစ်ပဲ။ အကြောင်းကြောင်းကြောင့် ဒီအဖွဲ့ထဲမှာပါတဲ့ လူတစ်ယောက် ချေးငွေပြန်ပြီး မဆပ်နိုင်လျှင် ကျန်တဲ့လူတွေ ဝိုင်းပြီး ဆပ်ပေးရတဲ့စနစ်ပဲ။ အာမခံပစ္စည်းမတင်ရလို့ ချေးတဲ့လူတွေအတွက် အလွယ်တကူချေးလို့ရတာကြောင့် အကျိုးရှိသလို အကြောင်းကြောင်းကြောင့် မဆပ်နိုင်လျှင် အာမခံတဲ့လူတွေဝိုင်းပြီး လျော်ရတာကြောင့် ဘဏ်အတွက်လည်း မဆုံးရှုံးစေနိုင်တဲ့ စနစ်တစ်ခုပဲ"

"အေး ကောင်းတယ်ကွာ။ ဒီလိုဆိုရင်တော့ ဒို့ရွာမှာလည်း အစုအဖွဲ့တွေ စုဖွဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးတွေ လုပ်ခိုင်းရမှာပဲ။ အဲဒါနဲ့ နေစမ်းပါဦး၊ မင်းတို့ မိတ္ထီလာဘက်မှာ မွေးမြူရေးသမဝါယမအသင်းတွေ၊ အစုအဖွဲ့တွေ ဖွဲ့ပေးနေတယ်ကြားတယ်။ အဲဒီမွေးမြူရေးအစုအဖွဲ့တွေက ဒို့နွားမွေးသမားတွေအတွက် ဘာလုပ်ပေးမှာလဲ"

ဦးကြီးက စိတ်ဝင်တစား မေးလာသည်။

"ကျွန်တော်တို့ ပထမဆုံးဖွဲ့ပေးတာက ကျေးရွာနို့ကုန်ထုတ် သမဝါယမအသင်းလေးတွေပဲ ဦးကြီး။ ကျေးရွာတွေမှာ နို့စားနွားမွေးတဲ့ ကောင်ရေအပေါ်မှာ မူတည်ပြီး ကျေးရွာနို့ကုန်ထုတ် သမဝါယမအသင်း ဖွဲ့ပေးမယ်။ အဲဒီအသင်းကနေပြီး အသင်းဝင်တွေရဲ့ နွားနို့ကို သတ်မှတ်တဲ့ဈေးနဲ့ ဝယ်မယ်။ နို့နည်းတာ များတာ အဓိက မဟုတ်ဘူး။ ၅၀ ကျပ်သားလည်းဝယ်မယ်၊ တစ်ပိဿာ၊ နှစ်ပိဿာလည်းဝယ်မယ်။ ဝယ်တဲ့နို့တွေကိုစုပြီး အဲဒီသမအသင်းက နို့ချက်စက်ရုံကို ပို့ပေးမယ်။ နို့အရေအတွက်များလျှင် ကိုယ့်ဘာသာ နို့ဆီချက်တဲ့လုပ်ငန်းထူထောင်မယ်"။

"အဲဒီကျေးရွာ နို့ကုန်ထုတ်သမဝါယမအသင်းကနေပြီး နွားမွေးတောင်သူတွေကို နွားစာ၊ အစာနု၊ နှမ်းဖတ်၊ ပဲဖတ်၊ ဝါစေ့ဖတ်ရောင်းပေးမယ်။ ကိုယ့်အဖွဲ့ထဲမှာပါတဲ့ နွားမတွေ မေထုန်မဲ့သားစပ်ချင်တာ၊ ကာကွယ်ဆေးထိုးချင်တာ၊ မကျန်းမာလို့ ဆေးဝါးကုသချင်တာကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ဆက်သွယ်ပြီး ဆောင်ရွက်ပေးမယ်။"

"မင်းပြောပုံဖြင့် နွားမွေးသမားတွေက အေးအေးဆေးဆေးပေါ့။ အစာလည်းအဆင်သင့်၊ နို့မရောင်းရမှာလည်း မပူရ။ သားစပ်ချင်တယ်ဆိုလျှင်လည်း လုပ်ပေးဦးမှာဆိုတော့ ဒို့ရွာမှာတောင် အစုအဖွဲ့ ဖွဲ့ချင်လာပြီ"

"ဒါတင်မကသေးဘူး ဦးကြီးရဲ့။ ဒီမွေးမြူရေးသမကနေတစ်ဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ဆက်သွယ်ပြီး အခြေခံမွေးမြူရေးသင်တန်းလေးတွေ ဖွင့်ပေးမယ်။ ဒါ့အပြင် ကျွန်တော်တို့ ကျွဲ၊ နွားတွေအတွက် အရေးအကြီးဆုံးက စားကျက်မြေရရှိရေး၊ စားကျက်မှာ မြက်မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးနဲ့ စားကျက်ကို နွားမွေးသမားတွေ အကျိုးရှိရှိ အသုံးချနိုင်အောင် အလှည့်ကျရိတ်ကျွေးဖို့ စီမံခန့်ခွဲပေးဦးမှာ။ ဒါ့အပြင် နို့ကနေ မလိုင်တို့ ထောပတ်တို့ ဒိန်ချဉ်တို့ လုပ်တဲ့ သင်တန်းတွေလည်းပေးဦးမှာ။ အဲဒီတော့ ဘာလိုသေးတော့လဲ ဦးကြီးရယ်"

"အေး ဒို့နိုင်ငံမှာက လူအင်အားတွေရှိတယ်။ တချို့ ၁၀ တန်းအောင်တယ်၊ တချို့ ၁၀ တန်းမအောင်ဘူး၊ တချို့ဘွဲ့ရတယ်။ တချို့ဘွဲ့မရဘူး။ ဘွဲ့ရတဲ့ လူပဲဖြစ်ဖြစ်၊ ဘွဲ့မရတဲ့ လူပဲဖြစ်ဖြစ် ဌာနဆိုင်ရာအလုပ်ကို ထိုင်စောင့်နေလို့မရဘူး။ ဒို့နိုင်ငံမှာ ရေရှိတယ်၊ မြေရှိတယ်။ စိုက်ပျိုးလို့၊ မွေးမြူလို့ အကျိုးဖြစ်ထွန်းတဲ့ ရာသီဥတုလည်း အခြေအနေပေးတယ်။ ဒီတော့ ဒို့တစ်တွေ အလုပ်လုပ်ဖို့လိုတယ်။

ဒို့နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက တောမှာနေကြတယ်။ လက်ရှိ ဒို့နိုင်ငံရဲ့ ဆင်းရဲမှုရာခိုင်နှုန်းက ၂၆ ရာခိုင်နှုန်းရှိတယ်။ ဒါကို အစိုးရက ၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချဖို့ ကြိုးစားနေတယ်။ အဲဒါအစိုးရကိုချည်း အားကိုးနေလို့မရဘူး။ နိုင်ငံခြားကလာပြီး ရင်းနှီးမြှုပ်နှံမှာကို မျှော်နေလို့မရဘူး။ ဒို့တစ်တွေ အလုပ်လုပ်ကြရမယ်။ စိုက်ရမယ်၊ မွေးရမယ်။ မင်းအခုပြောတဲ့ ကျေးလက်မွေးမြူရေးကုန်ထုတ် သမဝါယမအသင်းတွေဖွဲ့ပြီး ထိထိရောက်ရောက် အလုပ်လုပ်ကြရင် ဒို့ကျေးလက်ကလူတွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာ မလွဲဘူး။ ဒီတော့မင်းတို့ ကျေးလက်မွေးမြူရေး သမဝါယမအသင်းတွေ မြန်မြန်ဖွဲ့ဖို့ ထိထိရောက်ရောက် လုပ်ဖို့ ပြောချင်တယ်ကွာ။"

သည်တစ်ခါတော့ ဦးကြီး၏ စကားကို ပါးစပ်ပိတ် ဟောင်းလောင်းဖြင့် နားထောင်ရသူမှာ ကျွန်တော်ပင် ဖြစ်ပါသည်။

ကျွန်တော်တို့ ကျေးလက်မွေးမြူရေးကုန်ထုတ် သမဝါယမအသင်းတွေ တိုးချဲ့ဖွဲ့စည်းရပါဦးမည်။ ။

လက်ညှိုးထောင်မောင်းဝင်ခြင်းကြောင့် ယာဉ်တိုက်မှုဖြစ်ပါက လက်ညှိုးထောင်မောင်းဝင်သူ၌သာ အပြစ်ရှိမည်

သတင်းမှတ်စု ➢ တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် မေ ၁၂

ယခုအခါ ယာဉ်လောကတွင် "ဆရာကြီးရေ တစ်စီးလောက်"၊ "ချစ်ကိုကြီးရေ တစ်စီးလောက်" ဆိုပြီး လက်ညှိုးထောင်အတင်းမောင်းဝင်မှုများ များပြားလာသည်ကို နေ့စဉ်နှင့်အမျှ တွေ့မြင်နေရသည်။

လိုင်းကားယာဉ်ကြီးယာဉ်ငယ်များနှင့် တက္ကစီကားများဖြစ်ကြသည်။ အဓိက မီးပွိုင့်လိုနေရာမျိုးတွင် အခြားသောယာဉ်များကဲ့သို့ တန်းစီ၍ မစောင့်ချင်ကြ။ အမြဲတမ်း အလျင်လိုနေကြသည်။

နောက်မှ အစဉ်အတိုင်းတန်းစီရမည့်အစား တစ်ဖက်လမ်းကြောမှ မောင်းဝင်လာကြသည့် မီးပွိုင့်တွင်တန်းစီနေကြသော ယာဉ်တန်းများအကြား အနည်းငယ်"ဟ" နေသောနေရာမှ ကားခေါင်းအတင်းဝင်တိုးပြီး လက်ညှိုးလေးထောင်ကာ "ချစ်ကိုကြီးရေ တစ်စီးလောက်၊ ကားဖိုက်လာလို့ပါ"ဆိုကာ လမ်းမှန် တန်းစီနေကြသော ယာဉ်တန်းအကြားဖြတ်ဝင်ဖို့ ကြိုးစားကြသည်။

ဦးစားပေး၍ ဝင်ခွင့်ရသွားကြသလို၊ သူလိုကိုယ်လိုအရေးကြီးသူချင်းတွေ့ပြီး ဝင်ခွင့်လုံးဝမပေးဘဲ လမ်းမှန်ကားက ရှေ့ကားကိုအတင်းကပ်ထားသည့်အတွက် ကြားဖြတ်ဝင်ရန် ကြိုးစားသောယာဉ်မှာ လမ်းလယ်တွင် ကိုးလိုးကန့်လန့်ကြီး ဖြစ်နေတတ်သည်။

ယာဉ်စည်းကမ်းအရ ရှိပြီးသား ဖြစ်ပါသည်။ မီးပွိုင့် သို့မဟုတ် လမ်းဆုံများသို့ဝင်ပြီဆိုကတည်းက တည့်တည့်သွားလိုလျှင် အလယ်လမ်းမျဉ်းဖြူအတွင်း၊ ညာသို့ကွေ့လိုလျှင် ညာဘက်မျဉ်းဖြူအတွင်း၊ ဘယ်သို့ကွေ့လိုလျှင် ဘယ်ဘက်မျဉ်းဖြူအတွင်းမှ မောင်းနှင်သွားကြရမည်သာဖြစ်ပါသည်။

မော်တော်ယာဉ်များအနေဖြင့် တစ်စီးနှင့်တစ်စီး လက်ညှိုးထောင်ခွင့်တောင်း မောင်းဝင်ကြခြင်းသည် အလွန်အန္တရာယ်များပြားကြောင်း၊ မထသ (ဗဟို)အနေဖြင့် ထိုကဲ့သို့ကိစ္စရပ်များ လျော့နည်းသွားစေရန်အတွက် ဖွင့်လှစ်နေသော သင်တန်းများ၌ အသိပညာပေးခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဥပဒေအရအရေးယူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အကယ်၍ လက်ညှိုးထောင် အတင်းဖြတ်မောင်းဝင်ခြင်းကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားလာပါက အဆိုပါလက်ညှိုးထောင် မောင်းဝင်သူ၌သာ အပြစ်ရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောကြားခဲ့သည်။ ။

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန် -

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင်အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

အခြေခံပညာကျောင်းများ၏ ကျောင်းအပ်နှံရေးရက်သတ္တပတ်စတင်တော့မည်

ရန်ကုန် မေ ၁၂

လာမည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကို မေလ ၂၅ ရက်နေ့မှ စတင်ကာ ဇွန်လ ၁ ရက်နေ့အထိ သတ်မှတ်ထားရှိပြီး အဆိုပါ ရက်သတ္တပတ်အတွင်း ကျောင်းအပ်နှံမှုများ၌ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်နှုန်းထားများအတိုင်းသာ ပေးဆောင်ကြရမည်ဖြစ်ပြီး အပိုကြေးများ ကောက်ခံခြင်းမရှိစေရန် အခြေခံပညာကျောင်းများအား ညွှန်ကြားထားကြောင်း သိရှိရသည်။

"ကျောင်းတွေမှာ အပိုကြေးတွေကောက်ခံဖို့ လုံးဝ ခွင့်မပြုပါဘူး။ ကျောင်းသား အုပ်ထိန်းသူတွေအနေနဲ့ အပိုကြေးကောက်ခံတာမျိုးရှိလာခဲ့ရင် တိုင်ကြားနိုင်ပြီး ချက်ချင်းအရေးယူသွားပေးမယ်။ ဒါ့အပြင် ယခုနှစ် ကျောင်းအပ်ကြတဲ့ မူလတန်းက ကျောင်းသားကျောင်းသူတိုင်းကို တစ်ဦးလျှင် ဗလာစာအုပ် ခြောက်အုပ်စီကို အခမဲ့ ပေးအပ်သွားဖို့ ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ပညာရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ပြောကြားသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်များအတွက် ဇွန်လ ၁ ရက်နေ့တွင် တစ်နိုင်ငံလုံး၌ စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယမန်နှစ်များကဲ့သို့ပင် သက်ဆိုင်ရာဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကျောင်းအပ်နှံခွင့်နှုန်းထားများအတိုင်းသာ ကောက်ခံသွားရန်ရှိကြောင်း သိရှိရသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အထိကာလအတွင်းများ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချို့သော ကျောင်းများတွင် ကျောင်းအပ်နှံစဉ် ကာလအတွင်း အလှူငွေနှင့် အခြားသောငွေကြေးကောက်ခံမှုများရှိခဲ့သော်လည်း ပြီးခဲ့သည့်နှစ်မှ စတင်၍ အပိုငွေကြေးများ ကောက်ခံမှုမရှိသလောက် နည်းပါးခဲ့သည်။ ယခုနှစ်တွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပညာသင်ကြားနိုင်ရေး စီမံချက်များကြောင့် ကျောင်းအပ်နှံခြင်းများ၌ ငွေကြေးများ ပိုမိုတောင်းခံခြင်းမရှိစေရန် စီမံဆောင်ရွက်ထားကာ အပိုငွေတောင်းခံပါကလည်း ချက်ချင်းအရေးယူသွားရန်ရှိကြောင်း သိရှိရသည်။

နိုင်ငံပိုင်သတင်းစာများ၌လည်း တိုင်းဒေသကြီးအသီးသီး၌ ကျောင်းသား ကျောင်းသူများအား သက်သာချောင်ချိစေရန်နှင့် အခမဲ့ပေးဝေနိုင်စေရန် ရည်ရွယ်ကာ ဗလာစာအုပ်များကို တင်ဒါများခေါ်ယူကာ ဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းတွေ့ရှိရသည်။

အဆိုပါ အကြောင်းအရာနှင့် ပတ်သက်၍ မကြာမီ အပ်နှံရတော့မည့် ကျောင်းသားမိဘတစ်ဦးကို မေးမြန်းကြည့်ရာ "အရင်နှစ်ကတည်းက ကျောင်းအပ်တဲ့အခါမှာ ဘာကြေး ညာကြေးတွေ သိပ်မပေးရတော့ပါဘူး။ ကျောင်းသားအသစ်ဆိုရင်တော့ အလှူငွေလေးဘာလေး ပိုထည့်ရတာမျိုးတော့ရှိပါတယ်။ ဒါပေမယ့် မဖြစ်မနေ ပေးရတာမျိုးတော့ မရှိတော့ပါဘူး။ ကျောင်းသားမိဘတွေ အများစုကတော့ ကိုယ့်သားသမီး မျက်နှာမငယ်ရစေဖို့ အတတ်နိုင်ဆုံး အလှူငွေဆိုလည်း ထည့်ကြတာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အခုလို တားမြစ်ထားမှုလည်း ကျောင်းတွေမှာ အပ်ရတာ ပိုအဆင်ပြေသွားပါတယ်" ဟု သူမ၏အမြင်ကို ပြောပြသည်။

ဗဟန်းမြို့နယ်အတွင်းရှိ အလယ်တန်းကျောင်းတစ်ကျောင်းမှ ဆရာမတစ်ဦးကတော့ "ကျောင်းတွေမှာ ကျောင်းအပ်လက်ခံရင် အပိုကြေး ဘာညာပေးရတာက ရပ်ကွက်ထဲက သာမန်ကျောင်းသေးလေးတွေမှာတော့ အလွန်နည်းပါတယ်။ နာမည်ကြီး ကျောင်းတွေမှာသာ အတန်းကောင်းရဖို့၊ ကျောင်းဝင်ခွင့် သတ်မှတ်လူဦးရေထဲမှာပါဖို့ စသည်ဖြင့် ကန်တော့ကြတာ၊ အလှူငွေတွေ အပြိုင်အဆိုင်ထည့်ကြရာကနေ အခုလိုမျိုး ပိုတောင်းတယ်ဆိုတာ ဖြစ်လာတာပါ။ သက်ဆိုင်ရာက ညွှန်ကြားထားလို့ ပြီးခဲ့တဲ့နှစ်ကတည်းက ဒီလိုမျိုးဖြစ်ရပ်တွေမရှိသလောက်ပါပဲ" ဟု ပြန်လည်ဖြေကြားသည်။ ယမန်နှစ်က တိုင်ကြားမှုရှိခဲ့ပြီး အမှန်တကယ် စည်းကမ်းဖောက်ဖျက်မှုများရှိခဲ့သော ကျောင်းအချို့ကိုလည်း အရေးယူဆောင်ရွက်ထားခဲ့ပြီး သတိပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ **(ခင်ရတနာ)**

မြဝတီရုပ်မြင်သံကြား

၁၃-၅-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၈း၀၀ ၁။ မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အိမ်ကြီးသခင်**
- ၁၃း၂၀ ၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း- ၂၅)

ညပိုင်း

- ၆း၀၀ ၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၆း၃၀ ၂။ ဘဝကြေးမုံ **လရောင်ရိပ်ကြိုတ်မိုတ်ငို မျက်ဝန်းညိုသူမကို** ရန်နိုင်၊ ဂျူးဂျူးကေနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)
- ၇း၀၀ ၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သူ့ရဲ့ကောင်းလေးကျွန်မချစ်သူ** (အပိုင်း- ၂၂)
- ၈း၀၀ ၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၅။ နိုင်ငံတကာသတင်း
- ၆။ မိုးလေဝသသတင်း
- ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်** (အပိုင်း -၂၂)
- ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရုဏ်ဦးရဲ့ လင်းသံစဉ်** (အပိုင်း -၂၇)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အငယ်တန်းသတင်းထောက်ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများ၏စာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အငယ်တန်းသတင်းထောက် (လစာနှုန်း ကျပ် ၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာများအတွက် မတ် ၃၀ ရက်တွင် ရေးဖြေစာမေးပွဲကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်သူ ၃၀ ၏စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်လိုက်သည်။

အောင်မြင်သူများမှာ နေပြည်တော် ခုံအမှတ် ၁၇၊ ၂၂၊ ၂၇၊ ၄၇၊ ၄၈၊ ၅၀၊ ၅၁၊ ၅၉၊ ၆၁၊ ၆၂၊ ၈၂၊ ၈၅၊ ၈၆၊ ၉၆၊ ၁၁၂၊ ၁၁၆ နှင့် ရန်ကုန် ခုံအမှတ် ၁၅၊ ၁၉၊ ၂၁၊ ၂၈၊ ၃၀၊ ၃၁၊ ၄၀၊ ၄၁၊ ၅၃၊ ၅၆၊ ၉၁၊ ၁၀၇၊ ၁၀၉၊ ၁၂၀ တို့ဖြစ်သည်။

ရေးဖြေစာမေးပွဲအောင်မြင်သူများအား မေ ၂၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်သတင်းစာတိုက်၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၌ လူတွေ့စစ်ဆေးမည်ဖြစ်ရာ နံနက် ၈ နာရီခွဲအရောက် နေပြည်တော်သတင်းစာတိုက်သို့ သတင်းပို့ကြရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး (သတင်း) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၂၆ သို့ စုံစမ်းမေးမြန်းနိုင်ကြသည်။ **(သတင်းစဉ်)**

တောင်ငူမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အကြိမ် (၂၀) မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်ရန် ခင်ပွန်း ဦးကာစိုးမောင်နှင့် သမီး မခင်ကလျာစိုးတို့အား ရည်စူး၍ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ခင်သန်းလှိုင်၊ သားသမီး မြေးတစ်စုတို့က ငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းရာ ရွှေဆံတော်ဂေါပကအဖွဲ့က လက်ခံယူစဉ်။ (ဂေါပက-တောင်ငူမြို့)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁၂

စာကြည့်တိုက်အဆောက်အအုံသစ်များ သထုံမြို့နယ်၌ ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၂

သထုံခရိုင် သထုံမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကလိကျွန်းကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက် **(ယာပုံ)**နှင့် ကင်မွန်းချုံကျေးရွာ ဖူးပွင့်ဝေ စာကြည့်တိုက်အဆောက်အအုံသစ်များ ဖွင့်ပွဲကို မေ ၁၀ ရက်တွင် အဆိုပါစာကြည့်တိုက်များ၌ ကျင်းပရာ တာဝန်ရှိသူများက စာကြည့်တိုက်များကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးခဲ့ကြသည်။

ကလိကျွန်းကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်ကို နိုင်ငံတော်၏ ပံ့ပိုးငွေကျပ် ၁၀ သိန်းနှင့် ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေများဖြင့်လည်းကောင်း၊ ကင်မွန်းချုံကျေးရွာ ဖူးပွင့်ဝေ စာကြည့်တိုက်ကို ကျေးရွာပြည်သူများ၏ စုပေါင်းလှူဒါန်းငွေများဖြင့် လည်းကောင်း တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မှော်ဘီမြို့နယ်၌ မြဝတီစာကြည့်တိုက်ဖွင့်

မှော်ဘီ မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာတွင် မြဝတီစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၈ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မှော်ဘီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖိုးပြည့်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(ဝဲပုံ)***

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးသိန်းက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကိုယ်စား သုတရသ စာအုပ်စာစောင် ၁၅၀၊ ဒေါက်တာဦးအောင်စိုး-ဒေါ်အေးအေးသက်၊ ဦးရဲဝင်း၊ ဦးထွန်းရွှေ-ဒေါ်သိန်းအေး၊ ဦးတင့်ဆွေတို့က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးစိုးဝင်းက လက်ခံယူသည်။ ဆက်လက်၍ နံနက် ၁၁ နာရီတွင် ညောင်နှစ်ပင်ကျေးရွာ အုပ်စုကြာကန်စုကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ကိုလည်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရေစကြိုမြို့နယ်တွင် ကုလားပဲအထွက်နှုန်းကောင်း

ရေစကြို မေ ၁၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် ဆောင်းရာသီတွင် ကုလားပဲစိုက်ဧက ၂၄၅၀၀ လျာထားစိုက်ပျိုးခဲ့ရာ တောင်သူများ၏ ကြိုးပမ်းမှု၊ ရာသီဥတုအခြေအနေပေးမှုတို့ကြောင့် ကုလားပဲအထွက်နှုန်းမှာ တင်း ငါးသိန်းကျော်အထိ ထွက်ရှိခဲ့သဖြင့် ယမန်နှစ်ကထက် အထွက်နှုန်းသိသိသာသာပိုခဲ့ကြောင်း လေ့လာသိရှိရသည်။

ယခုနှစ်တွင် ကုလားပဲအထွက်နှုန်း တိုးတက်ခဲ့သော်လည်း ရောင်းဈေးနှုန်းမှာ တစ်တင်း ၁၇၀၀၀ ကျပ်သာဈေးပေါက်ပြီး ယမန်နှစ်က အလားတူကုလားပဲဈေးနှုန်းမှာ တစ်တင်းလျှင် ၂၃၀၀၀ ကျပ်အထိရှိခဲ့ကြောင်းနှင့် ယခုနှစ်တွင် တစ်တင်း ၁၇၀၀၀ ကျပ်ဖြစ်သော်လည်း ရောင်းလက် ဝယ်လက်အရောင်းအဝယ်သွက်လျက်ရှိကြောင်း စည်သာကျေးရွာမှ ကုလားပဲစိုက်တောင်သူဦးအောင်ဝင်းက ရှင်းပြသည်။

(ဖေထွဏ်းဇော်-ရေစကြို)

ရှင်အပါး ၂၅၀ ရှင်ပြုပွဲ ဒေးဒရဲ၌ ကျင်းပ

ဒေးဒရဲ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ မင်္ဂလာကံဦးကျောင်း၌ ဧပြီ ၂၉ ရက် နံနက် ၉ နာရီက နာဂစ်မုန်တိုင်းအလွန်ကျန်ရှိခဲ့သော ကိတ္တိမသားရှင်လောင်း ၂၅၀ တို့အား ရှင်ပြုမင်္ဂလာအခမ်းအနား ကျင်းပသည်။

အဆိုပါရှင်ပြုမင်္ဂလာအခမ်းအနားသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနိမလ ဦးဆောင်မှုဖြင့် အလှူရှင် အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင် (ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်) အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ သမ္မတနိဗ္ဗာန်ကုန်နှင့် သက်နီးတိုက်မိသားစုတို့က (၁၄)ကြိမ်မြောက် သာသနာပြုပွဲဖြစ်ပြီး ကိတ္တိမသားရှင်လောင်းများအား ဖျာပုံမြစ်အတွင်းသို့ ပြည်ငြိမ်းချမ်းသုံးထပ်သင်္ဘောကြီးဖြင့် လှည့်လည်ခဲ့ကြရာ ကမ်းနားတစ်လျှောက်မှလူသူအများအပြားဖြင့် စည်ကားခမ်းနားခဲ့သည်။ ရှင်အပါး ၂၅၀ တို့အား သုံးထပ်သင်္ဘောကြီးဖြင့် လှည့်လည်ခြင်းမှာ ပထမဦးဆုံးဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

(၄၇) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်၊ အရှေ့ပိုင်းခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဦးသန်းအောင်မိုးသည် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် မေ ၄ ရက်က (၄၇) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

(မြန်မာ့အလင်း)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်နိုင်ငံ အထက်လွှတ်တော်၊ အောက်လွှတ်တော်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးပြီး အထက်လွှတ်တော်အတွင်း ကြည့်ရှုလေ့လာ

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Mr. Hirata Kenji တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၂

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက် နံနက် ၉ နာရီခွဲတွင် ကျိုတိုမြို့မှတစ်ဆင့် အမြန်ရထား nozomi ဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် တိုကျိုမြို့သို့ ရောက်ရှိသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးဟောင်း Mr. Tajima က မွန်းလွဲ ၂ နာရီတွင် Hotel New Otani ၌ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီတွင် ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Mr. Hirata Kenji အား အထက်လွှတ်တော်အဆောက်အအုံဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ၎င်းလွှတ်တော်နှစ်ရပ်ပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်ဟူ၍ ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ဒေသပေါင်းစုံမှ တိုင်းရင်းသားပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံ၊ နိုင်ငံရေးပါတီပေါင်းစုံနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံသည် ပါလီမန် ဒီမိုကရေစီဆိုင်ရာ အတွေ့အကြုံ နုနယ်သေးသော်လည်း အခြားနိုင်ငံများရှိ သက်တမ်းရင့် လွှတ်တော်များနည်းတူ တာဝန်ထမ်းဆောင်နိုင်စွမ်း ရှိပါကြောင်းဖြင့် ပြောကြားပြီး နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ဆက်ဆံမှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာ အတွေ့အကြုံများအပေါ် အမြင်ချင်းဖလှယ်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ဂျပန်နိုင်ငံ အထက်လွှတ်တော်အစည်းအဝေးခန်းမဆောင်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆွေးနွေး

ညနေ ၄ နာရီတွင် ဂျပန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Mr. YOKOMICHI နှင့် အောက်လွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံရာ ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ်ခိုင်မာစွာ ဖွံ့ဖြိုးရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေမှုနှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ဆွေးနွေးသည်။

ဂျပန်နိုင်ငံ National Diet လွှတ်တော်ကို အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားပြီး အထက်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ် ၂၄၅ ဦးနှင့် အောက်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ် ၄၈၀ ရှိကြောင်း သိရှိရသည်။

အထက်လွှတ်တော်ကိုယ်စားလှယ်လောင်း၏ သတ်မှတ်အသက်ကို အနိမ့်ဆုံး ၃၀ နှစ် သတ်မှတ်ထားပြီး လွှတ်တော်သက်တမ်းမှာ ခြောက်နှစ်ဖြစ်သည်။

အလားတူ အောက်လွှတ်တော်ကိုယ်စားလှယ်လောင်း၏ သတ်မှတ်အသက်ကို အနိမ့်ဆုံး ၂၅ နှစ် သတ်မှတ်ထားပြီး လွှတ်တော်သက်တမ်းမှာ လေးနှစ်ဖြစ်ကြောင်း သိရှိရသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Mr. Hirata Kenji က ၎င်း၏နေအိမ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ရောက်ရှိ

နေပြည်တော် မေ ၁၂

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်ပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်၊ အမျိုးသားလွှတ်တော်သတ္တုနှင့် သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်းနှင့် တာဝန်ရှိသူများပါဝင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်-မြန်မာလွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ဆက်ဆံရေး အစီအစဉ်အရ မေ ၅ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် ရောက်ရှိသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ် အမျိုးသားလွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Ha Huy Thong နှင့် နိုင်ငံတကာဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး Mr. Pham Hoauy Hoi၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသက်ဦး၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းလှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌက လေဆိပ်အထူးဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်၏ လုပ်ငန်းဆောင်တာများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဟနွိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဂျပန်နိုင်ငံ အိုဆာကာမြို့ Kansai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၆ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များအား ဂျပန်နိုင်ငံ အထက်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် Mr. Hanatani နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Hotel Nikko Kansai Airport သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် နာရခရိုင် နာရ(Nara)မြို့သို့ ရောက်ရှိကြပြီး ဂျပန်နိုင်ငံသို့ ဗုဒ္ဓဘာသာ စတင်ရောက်ရှိသည့် *စာမျက်နှာ ၈ ကော်လံ ၁* ◆

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အဖွဲ့ဝင်များ ဂျပန်နိုင်ငံ နာရမြို့ရှိ တိုဒိုင်းဂျိဘုရားကျောင်းအတွင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)